# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၂)




ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။ သတင်းစဉ်

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၄) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

**နေပြည်တော် မတ် ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၃၁ ဦးတက်ရောက်ပြီး ၂၃ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာလျှုဒါန်းငွေ ငွေကျပ် ၈၅ သိန်း ၈ သောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၁၅ ဦးတို့၏ နေ့တွက်စရိတ် *စာမျက်နှာ ၅ ကော်လံ ၁* ✪

**စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် သဘင်အကျော်အမော်များ ပါဝင်သည့် "COVID –19 အသိပညာပေးဆွေးနွေးပွဲ" MRTV တွင် ရိုက်ကူး**

စာ » ၄

**ကမ္ဘာ့နိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုမရှိစေရေး တင်းတင်းကျပ်ကျပ် ဆောင်ရွက်**

စာ » ၁၄

**လေကြောင်းလိုင်းတွေကို ယိုင်နဲ့လာစေတဲ့ ကိုရိုနာဗိုင်းရပ်စ်**

စာ » ၁၅

**စေတနာအတွေးများဖြင့် ရာစုနှစ်မြန်မာ့ရုပ်ရှင်**

စာ » ၁၉

## ယနေ့မှစ၍ နယ်စပ်စစ်ဆေးရေးဂိတ်များမှ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့် ယာယီပိတ်ပင်

**နေပြည်တော် မတ် ၁၉**

COVID–19 ရောဂါ ပြည်ပမှ ကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မည်သည့်နိုင်ငံခြားသားကိုမဆို မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့် ယနေ့မှစ၍ ယာယီပိတ်ပင်ထားမြစ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

သို့သော် မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာရရှိထားသည့် နိုင်ငံခြားသားများအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဝင်ရောက်ခွင့်၊ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နှစ်ဖက်ဒေသခံပြည်သူများ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ် (Border Pass) ဖြင့် ဝင်ရောက်ခွင့် ခွင့်ပြုထားမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် ဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာမှုများ၊ ကျန်းမာရေးစစ်ဆေးမှုများ တင်းကျပ်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကေတာ




## မြန်မာ့အလင်း

# ပြည်ပအလုပ်အကိုင် စေလွှတ်မှုများ ယာယီရပ်နားထားသည့်အချိန်

ပြည်ပသို့အလုပ်သမားစေလွှတ်မှုများကို မတ်လ ၁၈ ရက်မှစ၍ ယာယီရပ်နားထားပြီဖြစ်သည်။ ယင်းသို့ ရပ်နားထားကြောင်း ကိုလည်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများထံ အသိပေးအကြောင်းကြားထားပြီးဖြစ်သည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားများအတွက် အလုပ်ရှင်၊ အလုပ်သမား သဘောတူခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့် ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ်ပြားထုတ်ယူခြင်းများကိုလည်း ယင်းနေ့တွင်ပင် ရပ်နားထားလိုက်ပြီဖြစ်သည်။

သို့ရာတွင် ပြည်ပအလုပ်အကိုင်များအတွက် တရားမဝင်အလုပ်သမား ရှာဖွေစုဆောင်းပို့ဆောင်သူများက ဒေသအနှံ့အပြားတွင် ကျေးလက်များအထိ ဆင်းကာ ပြည်ပအလုပ်အကိုင်လုပ်လိုသူများကို မက်လုံးပေး လိမ်ညာစုဆောင်းနေကြဆဲဖြစ်သည်ဆိုသော သတင်းများကိုလည်း ကြားသိနေရသည်။ ကိုဗစ်-၁၉ ရောဂါ နိုင်ငံတကာတွင် ကူးစက်ပျံ့နှံ့နေခြင်းကြောင့် ပြည်ပအဝင်အထွက်များနှင့် ပြည်တွင်းသွားလာမှုများကို တင်းတင်းကျပ်ကျပ် ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်နေကြရသည့် ကာလမျိုးတွင် တရားဝင်ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများက ပြည်ပအလုပ်သမား တရားဝင်စေလွှတ်မှုများကို ပြုလုပ်မည်မဟုတ်သော်လည်း တရားမဝင်လူပွဲစားများ၊ ဝိသမလောဘသမားများကမူ ၎င်းတို့အကျိုးအမြတ်ရရှိရေးအတွက် ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောဖြင့် လူမှောင်ခို ပို့မှုကို ပြုကြမည်သာဖြစ်သည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကြရာတွင် မြန်မာအလုပ်သမားများ ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ တရားဝင် ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေး၊ ပြည်ပမှရရှိလာသည့် အတွေ့အကြုံ၊ အသိပညာ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည် အသုံးချနိုင်ရေးတို့ကို ရည်မှန်းချက်ထား၍ ပြည်ပအလုပ်အကိုင်များသို့ မြန်မာအလုပ်သမားကို တရားဝင်စေလွှတ်ပေးလျက်ရှိရာ လိုင်စင်ရ အေဂျင်စီ ၁၈၀ ကျော်တို့က ပြည်ပအလုပ်အကိုင်အကျိုးဆောင်လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ သို့ဖြစ်သည့်အတွက် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြမည့်သူများမှာ တရားမဝင် အေဂျင်စီများနှင့် ကြားပွဲစားများကို အယုံမလွယ်ဘဲ စိစစ်ပြီး မှန်ကန်မှသာ ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အကြံပြုလိုသည်။

မြန်မာအလုပ်သမားများ မည်သည့်နိုင်ငံသို့ရောက်ရှိနေစေကာမူ “ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန်” နိုင်ငံတော်က ချမှတ်ထားသော မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ပြည်ပအလုပ်လုပ်ကိုင်လိုသည့် ပြည်တွင်းနေသူများအနေဖြင့် တရားမဝင်အေဂျင်စီများနှင့် ကြားပွဲစားများကို သတိပြုရှောင်ရှားနိုင်ရန်အတွက် တရားဝင် မီဒီယာများမှ တိကျမှန်ကန်သော သတင်းများကို အခါမလပ်စောင့်ကြည့်နားစွင့်ပြီးမှ သုံးသပ်ဆုံးဖြတ်ကြစေလိုကြောင်းနှင့် ပြည်ပရောက်မြန်မာအလုပ်သမားများအနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံမှ မြန်မာကောင်စစ်ဝန်နှင့် သံအရာရှိတို့ထံ ဆက်သွယ်၍ အရေးပေါ်အကူအညီများ တောင်းခံနိုင်သည်ကို သိစေလိုပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## ကမ္ဘောဇဘဏ်နှင့် KBZ MS General Insurance တို့က COVID-19 ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် ငွေကျပ်သိန်း ၁၀၀၀ ကနဦး မတည်လှူဒါန်း

နေပြည်တော် မတ် ၁၉

COVID-19 ရောဂါနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်နှင့် KBZ MS General Insurance တို့က COVID-19 ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ ကနဦး မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော COVID-19 ရောဂါကြောင့် နိုင်ငံအတွင်းသာမက ကမ္ဘာတစ်ဝန်းမှ ဖြစ်နိုင်ခြေရှိသည့် ကိစ္စရပ်ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ သုံးသပ်၊ ကိုင်တွယ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အမျိုးသားအဆင့်ဗဟိုကော်မတီကို တိုးမြှင့်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပြီး ပြည်သူပြည်သားများလည်း တတ်နိုင်သမျှ ပူးပေါင်းပါဝင် ထည့်ဝင်နိုင်မည့် COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ဆောင်ရွက်လျက်ရှိသည်။

သို့အတွက် ကမ္ဘောဇဘဏ်နှင့် KBZ MS General Insurance တို့က COVID-19 ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကနဦးမတည်လှူဒါန်းမှုအဖြစ် ငွေကျပ်သိန်း ၁၀၀၀ ကို Escrow Account အတွင်း မတ် ၁၈ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကနဦးမတည် လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ကို သက်ဆိုင်ရာ ပြည်သူ့ဆေးရုံအသီးသီးရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် အရေးပေါ်လိုအပ်သော ဆေးဝါး၊ အကာအကွယ်၊ အထောက်အကူပြု ပစ္စည်းများနှင့် အခြားလိုအပ်မှုများကို ကြိုတင်ပြင်ဆင်ရန်အတွက်လည်းကောင်း၊ အကယ်၍ သံသယနှင့် ကူးစက်ခံရသော လူနာများရှိလာပါက လိုအပ်သော အရန်အတားပစ္စည်းများ အချိန်မီဝယ်ယူ ဖြည့်တင်းနိုင်ရန်အတွက်လည်းကောင်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ကိုဒင်**

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money(MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေး အကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID-19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော နည်းပညာအကြောင်း သတင်းမှတ်တမ်းတင်ရိုက်ကူး

ရန်ကုန် မတ် ၁၉

စင်ကာပူနိုင်ငံမှ Mediashock Production သည်ပြည်တွင်းရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်သော Skyward Film Production နှင့်ပူးပေါင်းပြီး မတ် ၁၈ ရက်က UMFCCI အသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးနှင့် Impact Hub Co.,Ltd မှ Founder ဖြစ်သူ ကိုဥက္ကာမျိုးတို့အား မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော နည်းပညာအကြောင်း ခေါင်းစဉ်ဖြင့် တွေ့ဆုံမေးမြန်းခန်း ရိုက်ကူးသည်။



အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် မတ် ၁၇ ရက်က ဖန်တီးရာ ကုမ္ပဏီလီမိတက်၏ Founder ဖြစ်သူ Jes Kaliebe Petersen ၊ Koe Koe Tech it social Enterprise Co.,Ltd ၏ CEO Michael Lwin၊ KBZ Pay Branch မန်နေဂျာ စိုးကိုကို၊ Flymya.com Co.,Ltd ၏ CEO Jett Pan တို့ကို မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော နည်းပညာများအကြောင်း ခေါင်းစဉ်ဖြင့် အင်တာဗျူးခြင်းနှင့် KBZ Pay အသုံးပြု၍ ဈေးဝယ်နေပုံတို့ကို ရိုက်ကူးခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေတိဂုံစေတီတော်၊ ဆူးလေဘုရားနှင့် ဗိုလ်တထောင်ကမ်းနား အပါအဝင် လူစည်ကားရာနေရာများကို မတ် ၂၀ ရက်ထိ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ရိုက်ကူးထားရှိမှုများကို စင်ကာပူနိုင်ငံရှိ Mediashock Production ၏ Online Channel တစ်ခုဖြစ်သော Youtube တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စန်း (FDC)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာလှူဒါန်း

**နေပြည်တော် မတ် ၁၉**

COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် (D)ဆောင်၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က အမှာစကားပြောကြားကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာ ငွေကျပ် ၈၅၈၀၀၀၀ နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၁၅ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာ ငွေကျပ် ၄၃၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူးများ ဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းများတွင် COVID-19 ရောဂါ အသိပညာပေး

**နေပြည်တော် မတ် ၁၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် COVID-19 ရောဂါ စတင်ဖြစ်ပွားချိန်မှ စတင်ကာ ဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းများတွင် ရောဂါဖြစ်ပွားရသည့်အကြောင်းရင်း၊ ကူးစက်မှုနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ စသည်တို့ကို ကျန်းမာရေး အသိပညာပေးမှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ ကျောင်းတွေမှာ ကျောင်းသားကျောင်းသူတွေ အလွယ်တကူ လက်ဆေးနိုင်ဖို့ လိုအပ်တဲ့အထောက်အကူပစ္စည်းတွေကို ပံ့ပိုးကူညီပေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ပန်ကြားချက်နဲ့အညီ အခုကျွန်တော်တို့ရဲ့ အိမ်တွင်းမှုကျောင်းနဲ့ လူငယ်သင်တန်းကျောင်းတွေမှာ အရည်အချင်းစစ် စာမေးပွဲတွေပြီးလို့ ပိတ်ထားပါတယ်"ဟု နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုင်းထွန်းညိုက ပြောသည်။

"ကျွန်တော်တို့ ကျောင်းတွေမှာ တက်ရောက်နေတဲ့ ကလေးတွေက နယ်စပ်ဒေသ အနှံ့အပြားက ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေ နေရပ်ပြန်ရောက်တဲ့အချိန် COVID-19 ရောဂါဆိုင်ရာ အသိအမြင်တွေ ပြန်လည်ဖြန့်ဝေသွားဖို့အတွက်လည်း စီစဉ်ပေးထားပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ကြေညာချက်တွေနဲ့အညီ ကျွန်တော်တို့ ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များနှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံးများ၊ ဝန်ကြီးဌာနရှိ တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်ကျောင်း ၂ ကျောင်း၊ လူငယ်သင်တန်းကျောင်း ၄၅ ကျောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း တစ်ကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် သင်တန်းသားများကို ကျန်းမာရေးဆိုင်ရာ အသိပညာဖြန့်ဝေခြင်းနှင့် ဆွေးနွေးခြင်း စသည့် ကျန်းမာရေးဆိုင်ရာများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်**

## ရန်ကုန်မြို့ရှိ ဈေးများနှင့် ကုန်စည်ပွဲရုံများတွင် COVID–19 ရောဂါကာကွယ်ရေး ဆောင်ရွက်နေပြီး ပုံမှန်ဖွင့်လှစ်ရောင်းချ

**ရန်ကုန် မတ် ၁၉**

COVID–19 ရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကပ်ရောဂါအဖြစ် ကြေညာထားပြီးနောက် ရန်ကုန်မြို့ရှိ ဈေးများနှင့်ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေးနှင့် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့က ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး ပုံမှန်ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များကို အသိပညာပေး ဗီနိုင်းများကပ်ခြင်း၊ Hand Speaker များဖြင့် ကြေညာပေးခြင်း၊ ဈေးဝင်/ထွက်ပေါက်များတွင် လက်ဆေးကန်၊ ရေတိုင်ကီ၊ ဆပ်ပြာ၊ ရေပုံးများထားရှိခြင်း၊ အမှိုက်ကန်များ၊ ရေမြောင်းများ၊ ထိုင်ခုံများကို သန့်ရှင်းခြင်း၊ ဈေးအတွင်းရှိ စတီးလက်ရန်းများ၊ လှေကားများကို နှစ်နာရီလျှင် တစ်ကြိမ် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဈေးအတွင်းရှိ သန့်စင်ခန်းများအား အနံ့ပျောက်ဆေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

"လက်ရှိဈေးတွေကို ပုံမှန် မနက် ၆ နာရီကနေ ည ၆ နာရီအထိ ဖွင့်နေပါတယ်။ ဈေးပိတ်မယ့်အစီအစဉ် မရှိပါဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကျွန်တော်တို့ကို ဈေးတွေ စနစ်တကျနဲ့ ကျန်းမာရေးဂရုစိုက်ပြီး ရောင်းဖို့ပဲ ညွှန်ကြားထားတယ်" ဟု ဈေးများဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းတင်က ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ စီမံခန့်ခွဲမှုအောက်တွင် ဈေးပေါင်း ၁၈၄ ဈေးရှိပြီး COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး စနစ်တကျ ဆောင်ရွက်ရေးအတွက် (က)အဆင့်ရှိဈေး(၂၇) ဈေးနှင့်(ခ)အဆင့်ရှိ ဈေး(၂၁)ဈေးတို့တွင် ကိုယ်အပူချိန်တိုင်း သာမိုမီတာများကို မတ် ၁၇ ရက်မှစ၍ ပေးအပ်ထားကာ ကျန်ရှိသည့်ဈေးများသို့ ကိုယ်အပူချိန်တိုင်း ကိရိယာများ ပေးအပ်သွားရန် စီစဉ်နေကြောင်း ဈေးများဌာနမှ သိရသည်။ **သန့်ဇင်ဝင်း**

## ကော့သောင်း နယ်စပ်ဂိတ်မှ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်လာမည့် နိုင်ငံခြားသားများအား ယာယီပိတ်ပင်တားမြစ်

**ကော့သောင်း မတ် ၁၉**

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ဖွင့်လှစ်ထားသည့် နယ်စပ် ဝင်ပေါက် ထွက်ပေါက် စစ်ဆေးရေးဂိတ်များအနက် နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ နယ်စပ်ဂိတ်မှ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်လာမည့် မည်သည့်နိုင်ငံခြားသားကိုမဆို COVID–19 ကူးစက်ရောဂါ ပြည်ပမှ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းမှ စတင်ကာ ယာယီပိတ်ပင်တားမြစ်လိုက်ကြောင်း သိရသည်။

အဆိုပါပိတ်ပင်တားမြစ်မှုတွင် နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ၊ ဗီဇာကင်းလွတ်ခွင့်၊ E Visa များဖြင့် နယ်စပ်ဝင်/ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ထိုင်းနိုင်ငံသား အပါအဝင် မည်သည့်နိုင်ငံခြားသားများကိုမဆို ယနေ့နံနက်ပိုင်းမှ စတင်၍ ယာယီပိတ်ပင်တားမြစ်ထားခြင်းဖြစ်ပြီး Passport ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားများ၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass – BP) စာအုပ်နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass – TBP) ကိုင်ဆောင်၍ မြန်မာ–ထိုင်း နှစ်နိုင်ငံ ဝင်ထွက် ဖြတ်သန်းသွားလာနေသည့် ကော့သောင်းမြို့ဒေသခံပြည်သူများ၊ ထိုင်းနိုင်ငံ ရနောင်းမြို့ ဒေသခံထိုင်းပြည်သူများကိုမူ ယခင်အတိုင်း နယ်စပ်ဖြတ်သန်း ဝင်/ထွက်ခွင့် ပိတ်ပင်တားမြစ်မှုမရှိဘဲ သက်ဆိုင်ရာ စစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုများခံယူကာ မူလအခြေအနေအတိုင်း ဝင်/ထွက်ဖြတ်သန်းသွားလာခွင့် ဆက်လက်ပြုထားကြောင်း ၊ မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာရရှိထားသည့် နိုင်ငံခြားသားများအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝင်ရောက်ထွက်ခွာခွင့်ကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ကော့သောင်းမြို့ လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကော့သောင်းမြို့ နယ်စပ်ဂိတ် ယနေ့မွန်းလွဲပိုင်း အခြေအနေမှာ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများ မရှိသလောက်နည်းပါးသွားသည်ကို တွေ့ရှိရပြီး မြို့ခံပြည်သူများသည် ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း တွေ့မြင်ရသည်။ **(အောက်ပုံ)**

**ကျော်စိုး(ကော့သောင်း)**



## အစားအစာဘေးကင်းလုံခြုံမှုမှတစ်ဆင့် ဥယျာဉ်ခြံသီးနှံများ၏ တန်ဖိုးကွင်းဆက်မြှင့်တင်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၁၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA Myanmar ရုံးမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် Chief Representative ဖြစ်သူ Mr. Karasawa Masayuki နှင့် Chief Representative အဖြစ် စတင် တာဝန်ထမ်းဆောင်မည့် Mr. Sakakura Noriji တို့အား နေပြည်တော် ရုံးအမှတ် ၁၅ ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**(အပေါ်ယာပုံ)**



**လက်မှတ်ရေးထိုးခဲ့**

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် JICA Myanmar ရုံးမှ Chief Representative Mr. Sakakura Noriji တို့က စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်မည့် နည်းပညာအထောက်အပံ့ စီမံကိန်းတစ်ခုဖြစ်သည့် အစားအစာဘေးကင်းလုံခြုံမှုမှတစ်ဆင့် ဥယျာဉ်ခြံသီးနှံများ၏ တန်ဖိုးကွင်းဆက်မြှင့်တင်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြသည်။

**သီးနှံတန်ဖိုးကွင်းဆက်တိုးတက်ရေး**

၂၀၂၀ပြည့်နှစ် မတ်လမှ ၂၀၂၄ ခုနှစ် မတ်လအထိ လေးနှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ရှမ်းပြည်နယ် ကလောမြို့နယ်များတွင် ဆောင်ရွက်မည့် အဆိုပါစီမံကိန်းအရ သတ်မှတ်ဧရိယာအတွင်း ရွေးချယ်ထားသည့် တောင်သူအစုအဖွဲ့များအား စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ တိုးတက်စေရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကာ အခြေခံစာရင်းများ ကောက်ခံခြင်း၊ ဟင်းသီးဟင်းရွက် သီးနှံတန်ဖိုးကွင်းဆက်တိုးတက်ရေးနှင့် သက်ဆိုင်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ပါဝင်လုပ်ကိုင်သူများကို အင်အားတောင့်တင်းစေရန် ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများအတွက် လက်ရှိဈေးငွေဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းစီမံကိန်းအရ ဟင်းသီးဟင်းရွက်သီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ခြင်းဖြင့် စီမံကိန်းဧရိယာအတွင်းရှိတောင်သူများ၏ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် ဟင်းသီးဟင်းရွက်သီးနှံတန်ဖိုး ကွင်းဆက်ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ဟင်းသီးဟင်းရွက်သီးနှံများကို စီမံကိန်းဧရိယာပြင်ပတွင်လည်း လက်တွေ့စိုက်ပျိုးထုတ်လုပ်နိုင်စေရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မစ္စတာ လင်ဒါမူလက် နာလင်း ကူမား ဒီ ဆေးဗား အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မစ္စတာ လင်ဒါမူလက် နာလင်း ကူမား ဒီ ဆေးဗား အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ လင်ဒါမူလက် နာလင်း ကူမား ဒီ ဆေးဗား ကို ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် မွေးဖွားခဲ့ပြီး သီရိလင်္ကာနိုင်ငံ၊ University of Ceylon မှ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ကို သင်္ချာဘာသာ အထူးပြုဖြင့် လည်းကောင်း၊ ဗြိတိန်နိုင်ငံ၊ University of Sussex မှ ပါရဂူဘွဲ့ကို ရူပနက္ခတ္တဗေဒဘာသာ အထူးပြုဖြင့်လည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ သီရိလင်္ကာနိုင်ငံ၊ University of Kelaniya ၌ သင်္ချာဘာသာရပ် ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။ **သတင်းစဉ်**

## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျောင်းဝင်းအတွင်း ပိုးသတ်ဆေးများဖျန်းခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများကို ကိုယ်အပူချိန်တိုင်းကိရိယာများဖြင့် တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များအသုံးပြုနိုင်ရန် ထားရှိခြင်းများ စီစဉ်ဆောင်ရွက်ထားကြောင်း အဆိုပါတက္ကသိုလ်မှ သိရသည်။

"ကျောင်းသား ကျောင်းသူတွေ စာမေးပွဲဖြေဆိုတဲ့ အခန်းတိုင်းမှာ Hand Sanitizer တွေ နဲ့ Mask တွေ ပြင်ဆင်ထားတဲ့အပြင် အခန်းတိုင်းကို ပိုးသတ်ပြီး သန့်ရှင်းရေးပြုလုပ်ထားတဲ့အတွက် စာမေးပွဲကို လုံခြုံစိတ်ချစွာ ဖြေဆိုနိုင်အောင် စီစဉ်ထားပါတယ်။ စာမေးပွဲကာလအတွင်း အများပြည်သူသုံးယာဉ်တွေ အချိန်မီ ပြေးဆွဲနိုင်အောင် စီစဉ်ထားပါတယ်" ဟု ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က ပြောသည်။ **ရတီ**

## စာပေ၊ ဂီတ ၊ ရုပ်ရှင်နှင့် သဘင်အကျော်အမော်များ ပါဝင်သည့် "COVID –19 အသိပညာပေးဆွေးနွေးပွဲ" MRTV တွင် ရိုက်ကူး

**ရန်ကုန် မတ် ၁၉**

စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် သဘင်အကျော်အမော်များ ပါဝင်သည့် "COVID–19 အသိပညာပေးဆွေးနွေးပွဲ"ကို MRTV မှ ထုတ်လွှင့်နိုင်ရန် ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ရိုက်ကူးသည်။ **(ယာပုံ)**

ထိုသို့ ရိုက်ကူးရေးဆောင်ရွက်စဉ် မိမိကိုယ်ကိုယ် မကူးစက်အောင် ကာကွယ်နည်း၊ မိမိမှတစ်ဆင့် မကူးစက်အောင် နေထိုင်နည်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ စာရေးဆရာ လက်ာရည်ကျော်၊ တေးသံရှင် ဖြူဖြူကျော်သိန်း၊ ဖိုးချစ်(မြန်မာ့သဘင်)တို့က လည်းကောင်း၊ ကူးစက်လွယ်သောသူများအား ကာကွယ်ပေးခြင်း၊ ကူးစက်လွယ်သောနေရာများကိုဖော်ပြ၍ ရှောင်ရှားရန်အချက်များနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ ရုပ်ရှင်ဒါရိုက်တာ ထူးပိုင်ဇော်ဦး၊ တေးသံရှင် တင်ဇာမော်၊ စာရေးဆရာ မိုးနီလွင်တို့က လည်းကောင်း၊ မှန်ကန်သော သတင်းအချက်အလက်ပေးရန် အနုပညာရှင်များ၏ တာဝန်များ၊ သတင်းအမှားဖြင့် အထိတ်တလန့်ဖြစ်စေမှုများ ရှောင်ရှားရန် သတိပေးခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ စာရေးဆရာမ ဂျူး၊ တေးသံရှင် ဖြိုးပြည့်စုံ၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်တို့က လည်းကောင်း သီးခြားစီဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲအစီအစဉ်များကို ပြန်ကြားရေးဝန်ကြီးဌာနက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ရုံပိုင်ရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် သဘင်တို့မှ အနုပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းအသိပညာပေးဆွေးနွေးပွဲ အစီအစဉ်များကို MRTV ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း မကြာမီ ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **TT**




## ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးညွန့်ဝင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ စာအုပ်များလှူဒါန်း

**ရန်ကုန် မတ် ၁၉**

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီခုနစ်ဆုရှင် ဦးညွန့်ဝင်းက ၎င်းရေးသားသည့် "ယုံကြည်အောင် ဖန်ဆင်း" စာအုပ်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးကြည်စိုးထွန်းက အမှာစကားပြောကြားပြီး စာအုပ်ထုတ်ဝေသူနှင့် ဥပဒေပညာရှင် ဦးအောင်စိုးဦးက စာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ဦးညွန့်ဝင်းက စာအုပ်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဒါရိုက်တာ ဦးအောင်မြင့်မြတ်က လက်ခံရယူ၍ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ဦးညွန့်ဝင်းအား ဂုဏ်ပြုလက်ဆောင်နှင့် ပန်းစည်းပေးအပ်ကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

စာအုပ်များ လှူဒါန်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က "ဒီစာအုပ်နဲ့ပတ်သက်လို့ကတော့ ဦးညွန့်ဝင်းက ဗြိတိသျှသံရုံးက ငှားလာတဲ့စာအုပ်ကို သဘောကျပြီးတော့ တစ်ခေါက်ဖတ်ရုံနဲ့မပြီးဘူး။ နောက်ထပ်တစ်ခါ ၁၅ ရက်လောက် ထပ်ငှားဖတ်ပြီးတော့ စာအုပ်တစ်အုပ်လုံးကို အသံသွင်းထားတယ်။ သူမိတ်ကပ်လိမ်းတိုင်း အဲဒီသွင်းထားတဲ့ အသံကို နားထောင်တယ်။ အဲဒီစာအုပ်ကို ဘာသာပြန်တယ်။ ရိုးရိုးစာရေးဆရာတစ်ယောက်က ဘာသာပြန်တာနဲ့မတူဘူး။ သူက လက်တွေ့ကျင့်သုံးခဲ့တာ။ သူ့ဘဝတစ်လျှောက်လုံး လက်တွေ့ကြုံတွေ့ခဲ့တာတွေနဲ့ ပေါင်းစပ်ရေးထားတာပါ" ဟု ပြောသည်။

စာအုပ်ထုတ်ဝေသူနှင့် ဥပဒေပညာရှင် ဦးအောင်စိုးဦးက "ဒီစာအုပ်က အစ်ကိုကြီး ဦးညွန့်ဝင်းက မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်နဲ့ သူ့ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ဒီစာအုပ်ကို ထုတ်ဝေတာ ဖြစ်ပါတယ်။ လောလောဆယ် အုပ်ရေ ၁၀၀၀ လောက် ထုတ်ဝေမှာဖြစ်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို အုပ်ရေ ၅၀၀ လှူမှာဖြစ်ပါတယ်။ ကျန်တဲ့ ၅၀၀ ကိုတော့ သူ့မိသားစုက တခြားနေရာများကိုလှူမှာ ဖြစ်ပါတယ်။ မူပိုင်ခွင့်ကိစ္စနဲ့ပတ်သက်လို့ကတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက မူပိုင်ခွင့်ရရှိမှာ ဖြစ်ပြီးတော့ သူ့မိသားစုကလည်း မူပိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ထပ်ထုတ်ချင်ရင်လည်း ထုတ်နိုင်ပါတယ်။ သူ့မိသားစုအနေနဲ့လည်း ထပ်ထုတ်နိုင်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အကယ်ဒမီ ဦးညွန့်ဝင်း လှူဒါန်းသော "ယုံကြည်အောင် ဖန်ဆင်း" စာအုပ်တွင် သရုပ်ဆောင်တစ်ဦးဆိုတာ ဩကာသလောကကြီး စကြဝဠာတစ်ခုလုံးက အနုပညာရှင်တို့၏ လက်ဖဝါးထဲတွင် ဖန်ဆင်းထားနိုင်ရမည်ဖြစ်ကြောင်း၊ သရုပ်ဆောင်ကောင်းတစ်ယောက်ဟာ ကိုယ်ပြောရမည့်စကား၊ ကိုယ့်စိတ်ဆန္ဒ၊ ကိုယ့်ပရိသတ်ဆိုတဲ့ အဆင့်သုံးဆင့်ကို ပိုင်ဆိုင်နိုင်ရမည်ဖြစ်ကြောင်း၊ သရုပ်ဆောင်ဆိုတာ ကဘောကမ္ဘာ အချိန်ကတည်းကရှိနေပြီး နောင်လည်း ဆက်ရှိနေဦးမည်ဖြစ်ကြောင်း၊ အနုပညာရှင်ဆိုတာ ပရိသတ်ရဲ့ ဝန်ထမ်းတွေ၊ အစေခံတွေဖြစ်ကြောင်း၊ Actor တစ်ယောက်ကို ပြောင်နေအောင် တိုက်ချွတ်လိုက်ပါ၊ ပြောင်လာတာနဲ့ နောက် Actor တစ်ယောက်ပေါ်လာမည်ဖြစ်ကြောင်း စသည်ဖြင့် သရုပ်ဆောင်တို့၏ဘဝကို ပုံဖော်ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

**ခင်သူဇာပို (FDC)**

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးစဉ်။ သတင်းစဉ်

❂ *ရွှေဖုံးမှ*

တစ်ရက်စာ လျှာဒါန်းငွေကျပ် ၄၃ သိန်း စုစုပေါင်း ငွေကျပ် ၁၂၈ သိန်း ၈ သောင်းကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာအစုအဖွဲ့ ကိုယ်စားလှယ်တို့က ယနေ့ နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း အသိပေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာနက ပေးပို့ခဲ့သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် ပြည်ထောင်စုတရားလွှတ်တော် ချုပ်က ပေးပို့ခဲ့သည့် အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူထားသည့် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက်တွင် ပေးပို့ခဲ့ပါကြောင်း၊ အဆိုပါနည်းဥပဒေပြင်ဆင်ချက် များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၄-က အရ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်း တင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင် ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံး ဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၄) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး က အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၆၅၀ စောင်ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၆၃၁ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၁၉ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့ (၄) ဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်ထံမှ ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထား သည့် ဝန်ထမ်းအဖွဲ့ (၄) ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်း ဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာတာဝန်ခံများက ဆန္ဒမဲပုံး များကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေး ထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိ သည့် ဆန္ဒမဲလက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

## ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်သည်လည်း ၆၃၁ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှုအထမြောက်ကြောင်းကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စား လှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၁ စောင်ဖြစ်ပြီး ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် လည်း ၆၃၁ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှု အထ မြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈) ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ရေတွက်ကြရာ နိုင်ငံရေးပါတီ အစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များ က သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့ (၈) ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီး နောက် သက်ဆိုင်ရာရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ် (၅) ဦးပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေ အတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရ နှင့် လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၃၀၁ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၄) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့် အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၁၀ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၃) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင် နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၁၉ ပြင်ဆင်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော် သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၂၂ ပုဒ်မခွဲ (ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၀ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့် အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၃၃ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၄) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင် နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း။

ပုဒ်မ ၃၃၈ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံ ဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၃၉ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင် နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၄၄ ပြင်ဆင်မှု အတွက် ထောက်ခံဆန္ဒမဲ ၅၇၄ မဲဖြစ်ပြီး ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံသည့် အတွက် ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၅၉ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင် နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၇၆ ပြင်ဆင်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော် သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း။

ပုဒ်မ ၃၉၆ ပုဒ်မခွဲ (ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၉၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃) ပုဒ်မခွဲငယ်စိတ် (ဃဃ) ပယ်ဖျက်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော် သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၃၉၉ ပုဒ်မခွဲ (စ) ပြင်ဆင်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၀၂ ၏ခြေဆင်း ပြင်ဆင် မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း ကြေညာသည်။

## လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက် သောကြာနေ့တွင် ဆက်လက်ဆောင်ရွက်မည်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ် (၄) နှင့် စပ်လျဉ်း ၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ် ပြီးဆုံးပြီဖြစ် ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ် (၅) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ပြည့်နှစ် မတ် ၂၀ ရက် သောကြာနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အဖွဲ့ (IDA) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် ထောက်ပံ့ငွေ ဒေါ်လာ ၁၀ သန်းရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးကြသည်။

ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံက ယခုချေးငွေရယူမည့် အမေရိကန် ဒေါ်လာ သန်း ၁၀၀ သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ် ရယူပြီးဖြစ်သော ချေးငွေ သန်း ၁၀၀ သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်သုံးစွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြီးဆုံးခဲ့ပြီဖြစ်ပါကြောင်း၊ သို့သော် အဆိုပါချေးငွေ ၏ ၈၀ ရာခိုင်နှုန်းခန့်သာ သုံးစွဲနိုင်သည်ကို တွေ့ရှိရပြီး ၂၀ ရာခိုင်နှုန်းခန့် ကျန်ရှိနေသေးသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူပြီး ဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများ၊ အစီအစဉ်များကို သတ်မှတ်ချိန် ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်မှသာ ကမ္ဘာ့ဘဏ် ချေးငွေရယူ ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ပြည်သူများအနေဖြင့် ပြည့်ပြည့်ဝဝ ရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးက ယခုချေးငွေသည် အတိုးပေးရသည့်အပြင် နှစ်စဉ် ဝန်ဆောင်မှု ၀ ဒသမ ၇၅ ရာခိုင်နှုန်းကိုလည်း ပေးဆောင်နေရခြင်းဖြစ် သည့်အတွက် တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုကို အမှန်တကယ်လိုအပ် သည့်နေရာတွင် အဓိကထားအသုံးပြုရန် အရေးကြီးပြီး စီမံခန့်ခွဲမှု မှန်ကန် ကောင်းမွန်ရမည်ဖြစ်ပါကြောင်း၊ သုံးစွဲမည့်ဘတ်ဂျက်ကိုလည်း ချေးငွေနှင့် ထောက်ပံ့ငွေဟူ၍ ကဏ္ဍအလိုက်သုံးစွဲမှုကို ပွင့်လင်းမြင်သာစွာ ချပြပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနအား လွှတ်တော်နာယကမှတစ်ဆင့် တောင်းဆိုလိုပါ ကြောင်း ဆွေးနွေးသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ကျန်းမာရေးစောင့်ရှောက် မှုနှင့် ပတ်သက်လာပါက ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန် သည်ဟုဆိုပါကြောင်း၊ သို့သော် မြန်မာနိုင်ငံတွင် လူလတ်တန်းစားပင်လျှင် ကြိုတင်ကာကွယ်နိုင်သည့်အပိုင်းကို မဆောင်ရွက်နိုင်သေးပါကြောင်း၊ ပြည်သူ အများစုမှာ ရောဂါဖြစ်မှ ကုသရခြင်းဖြစ်ပြီး ကုသသည့်အခါတွင်လည်း ဆေးမြီးတိုဖြင့် မှီဝဲ၍မရမှသာ ဆေးရုံ၊ ဆေးခန်းများသို့ ရောက်ရှိရသည့်အခြေ အနေ ရှိနေသေးပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်များ ခိုင်မာအားကောင်းစေရန်အတွက် ယခုဆောင်ရွက်မည့် ကျန်းမာရေးဝန်ဆောင် မှုများ လက်လှမ်းမီရရှိရေး စီမံချက်အား အရှိန်မပျက် ဆက်လက်အကောင် အထည်ဖော်နိုင်ရန် ချေးငွေရယူခြင်းအား ထောက်ခံအပ်ပါကြောင်း ဆွေးနွေး သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါက်တာတင်တင်ဝင်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်၊ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေနှင့် တောင်ဥက္ကလာပမဲဆန္ဒနယ် မှ ဒေါက်တာစောနိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်း အဝေး ၂၇ ရက်မြောက်နေ့ကို မတ် ၂၀ တွင် ဆက်လက်ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ– စိုးဝင်းထွန်း**

# လုပ်ငန်းတွေလည်ပတ်ရှင်သန်ပြီး အလုပ်သမားများလုပ်ခလစာရရှိရေးကို ဦးစားပေးကာ နိုင်ငံတော်၏ချေးငွေများကို စနစ်တကျစိစစ်ပေးအပ်မည်

ခင်ရတနာ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ကြေညာချက် တစ်စောင်ကို မတ် ၁၈ ရက်တွင် ထုတ်ပြန်ထားခဲ့ပြီး ယင်းကြေညာချက်အရ ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံသားပိုင် စီအမ်ပီလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ ၁ နှစ်သတ်မှတ်၍ ထုတ်ချေးသွားမည့် အစီအစဉ်အပေါ် စီးပွားရေးလုပ်ငန်းနယ်ပယ် အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**ဦးဇော်မင်းဝင်း**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်**

ဒီရက်ပိုင်းမှာတော့ ကျွန်တော်တို့က ကျွန်တော်တို့ကဏ္ဍမှာရှိနေတဲ့ အခက်အခဲ အများကြီး ကြုံနေရတဲ့ လုပ်ငန်းတွေကို ဘယ်လိုပုံစံတွေနဲ့ ကုစားပေးမလဲဆိုတာကို ညှိနှိုင်းနေပါတယ်။ ဒါကြောင့် ခရီးသွား လုပ်ငန်းတွေရော၊ ဟိုတယ်လုပ်ငန်းရှင်တွေရော အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်တာ၊ ညှိနှိုင်းဆောင်ရွက်တာတွေ လုပ်ဆောင်ပေးကြပါ။ ဒီအချိန်မှာ အားလုံး လုပ်ငန်းကဏ္ဍအလိုက် နီးနီးကပ်ကပ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် အားလုံးကို ဖြေရှင်းပေးနိုင်ပါမယ်လို့ ပြောကြားလိုပါတယ်။

အခုနိုင်ငံတော်ရဲ့ ကူညီပံ့ပိုးမယ့် ကျပ်ဘီလီယံ ၁၀၀ နဲ့ပတ်သက်ပြီးတော့ အဓိကထိခိုက်မှု လတ်တလောဖြစ်နေတဲ့ ကဏ္ဍကြီးသုံးခုကို ဦးစားပေးပြီး ချေးငွေတွေ ချထားပေးဖို့ ဆောင်ရွက်နေပါပြီ။ ပထမတစ်ခုကတော့ စီအမ်ပီလုပ်ငန်းတွေ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေနဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေကို ချေးငွေပေးအပ်ဖို့ ဆွေးနွေးခဲ့ပါတယ်။

အဲဒီနေရာမှာ ဘယ်လိုပုံစံနဲ့ ချေးမလဲဆိုတာကို ဒီနေ့ကျွန်တော်တို့ စပြီးဆွေးနွေးကြပါတယ်။ ကျွန်တော် နားလည်တာကတော့ နိုင်ငံတော်ကလည်း လုပ်ငန်းဆောင်ရွက်မှုတွေ စတင်ဆောင်ရွက်နေတယ်။ ညွှန်ကြားချက်တွေ၊ လမ်းညွှန်ချက်တွေကို နိုင်ငံတော်က ထုတ်ပြန်ပေးမှာဖြစ်တယ်ပေါ့။ မထုတ်ပြန်ခင်မှာ ကျွန်တော်တို့ လုပ်ငန်းရှင်တွေဘက်ကလည်း ဘယ်လိုပြင်ဆင်မလဲဆိုတာကို ညှိနှိုင်းတိုင်ပင်ပြီး ပြင်ဆင်ထားကြပါတယ်။

အချက် လေး၊ ငါးခုလောက်ကိုတော့ ကြိုတင်ပြင်ဆင်ပြီး ချေးငွေပေးအပ်ဖို့အတွက် ရည်စူးထားတာရှိပါတယ်။ ပထမအချက်က စက်မှုလုပ်ငန်းဆိုရင် စက်မှုမှတ်ပုံတင်ရှိသလား၊ ကုမ္ပဏီဆိုရင် ကုမ္ပဏီမှတ်ပုံတင်ရှိသလား၊ စည်ပင်သာယာနဲ့ ပတ်သက်လို့ မှတ်ပုံတင်ရှိသလားဆိုတာ ဆန်းစစ်ပါတယ်။ နောက်တစ်ချက်က လူမှုဖူလုံကြေးတွေ ပေးသွင်းထားရဲ့လား။ အလုပ်သမားဦးရေ ဘယ်လောက်ရှိသလဲ။ လုပ်ငန်း လည်ပတ်မှုအလားအလာက ဘယ်လိုလဲ၊ ပိုက်ဆံချေးငွေရမယ်ဆိုရင် ပြန်ပြီးရှင်သန်နိုင်မယ့်၊ ချေးငွေပြန်လည်ပေးဆပ်နိုင်မယ့် အလားအလာရှိသလားဆိုတာတွေကို ဆန်းစစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကုန်သည်/စက်မှုအသင်းချုပ်နဲ့ ညီနောင်လက်တွဲအသင်းတွေနဲ့ ကူညီထောက်ခံပြီး ချေးငွေရရှိဖို့အတွက် ဆောင်ရွက်သွားနိုင်ကြဖို့ ဆွေးနွေးထားပါတယ်။ မနက်ဖြန်မှာ လမ်းညွှန်ချက်တွေ ရရှိတာနဲ့ အမြန်ဆုံး လုပ်ငန်းရှင်တွေလက်ထဲကို ချေးငွေတွေပေးအပ်နိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ အဓိကကတော့



ဦးဇော်မင်းဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်

လုပ်ငန်းရှင်တွေဟာ လုပ်ခလစာတွေကို မပေးနိုင်ကြတာမျိုး ဖြစ်လာမယ်ဆိုရင် ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားပါတယ်။ လုပ်ငန်းလည်ပတ်နိုင်ဖို့နဲ့ တကယ်ကို ဆက်ပြီးရှင်သန်ဖို့၊ အလုပ်သမားတွေ လုပ်ခလစာတွေ ရရှိပြီး သူတို့ အသက်မွေးဝမ်းကျောင်းကို မထိခိုက်သွားစေဖို့ဆိုပြီး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**ဦးသက်လွင်တိုး**
**တတ်သိပညာရှင်၊ မြန်မာနိုင်ငံ**
**ခရီးသွားလုပ်ငန်းကော်မတီ**

နိုင်ငံတော်အစိုးရက ကိုဗစ် -၁၉ ရန်ပုံငွေအဖြစ် ကျပ် ၁၀၀ ဘီလီယံကို အတိုးနှုန်း ၁ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးမယ်လို့ မနေ့က ကြေညာခဲ့ပါတယ်။ အဲဒီလို စီးပွားရေးထိခိုက်မှုအများဆုံးခံစားရတဲ့ လုပ်ငန်းတွေထဲမှာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းကဏ္ဍလည်း ပါဝင်ပါတယ်။ အခုလိုကြေညာချက် ထွက်ပေါ်လာတာဟာ ကျွန်တော်တို့ ခရီးသွားကဏ္ဍရော၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရောနဲ့ စီအမ်ပီလုပ်ငန်းလုပ်ကိုင်သူတွေ အားလုံးအတွက်ပါ အလွန်ကို မင်္ဂလာရှိတဲ့ သတင်းစကားပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့လလောက်ကတည်းက အခြားနိုင်ငံတွေမှာ အခုလို ရောဂါဘယကြောင့် ထိခိုက်လာနိုင်တဲ့ အခြေအနေကို ကုစားတာတွေကို မြင်ရတယ်။ ကျွန်တော်တို့ဆီမှာလည်း ဘယ်လိုမျိုး ကြိုတင်ပြင်ဆင်ကြမလဲ၊ ကုစားကြမလဲဆိုတာကို မီဒီယာတွေကနေတစ်ဆင့် အကြံပေးခဲ့တာရှိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကလည်း ခေါင်းကြီးကြီးနဲ့ စဉ်းစားပြီး ဖြစ်သင့်တဲ့အချိန် ရောက်ပြီ၊ ကုစားရမယ့်အချိန်ရောက်ပြီဆိုပြီး ဒါကို ဖြေလျှော့ရုံတင်မကဘဲ နိုင်ငံတော်က အတိုးနှုန်းကို ပုံမှန်က ခုနစ်ကျပ်၊ ရှစ်ကျပ်ရှိတဲ့ အနေအထားမှာ အနစ်နာခံပြီး တစ်ကျပ်နှုန်းနဲ့ စိုက်ထုတ် ချေးပေးလိုက်တာပေါ့။ အဲဒီလို



ဦးသက်လွင်တိုး
တတ်သိပညာရှင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကော်မတီ

နိုင်ငံတော်က စီစဉ်ပေးတဲ့ကိစ္စမှာ ကျွန်တော်တို့ဘက်က စနစ်တကျနဲ့ စီမံခန့်ခွဲမှုကတော့ အတော်လေး အရေးကြီးပါတယ်။

ဒီလိုဖြစ်စဉ်မျိုးတွေကို အရင်ကလည်း ကျွန်တော်တို့ကြုံခဲ့ရဖူးပါတယ်။ နာဂစ်မုန်တိုင်းကာလတွေနဲ့ အခြားခရီးသွားကဏ္ဍ ပိတ်ဆို့နှောင့်နှေးမှုတွေ အများကြီးကြုံခဲ့ရဖူးပါတယ်။ အခုလောက်အထိ နိုင်ငံတော်အစိုးရက ရပ်တည်ပေးတာမျိုးက မရှိခဲ့ဖူးပါဘူး။ အခုအစိုးရသစ်လက်ထက်မှာကျမှ ပထမဦးဆုံး နိုင်ငံတကာနဲ့ယှဉ်ပြီးတော့ ကိုယ့်ပြည်သူတွေအပေါ်မှာ ကြည့်တာဖြစ်ပါတယ်။ အဲဒီလို လုပ်ပေးတာကလည်း ဒါကပထမဆုံးပဲ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း အလွန်ဝမ်းသာမိပါတယ်။

အဓိကကတော့ အခုချေးပေးတာပေါ့။ ချေးငွေဖြစ်တဲ့အတွက် ပြန်ဆပ်ရမယ်။ တစ်နှစ်တော့ အချိန်ပေးထားပါတယ်။

တစ်နှစ်အတွင်းမှာ ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေက ကောင်းမွန်လာနိုင်မလားဆိုတဲ့ စီးပွားရေးဆိုင်ရာတွက်ချက်မှုတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လောလောဆယ်ကတော့ အခြားကဏ္ဍတွေကတော့ သူ့အကြောင်းနဲ့သူရှိကြမှာပါ။ ကျွန်တော်တို့ ခရီးသွားကဏ္ဍကတော့ လူသားအရင်းအမြစ်တွေ အများကြီး ပြုစုပျိုးထောင်ရပါတယ်။ လူတွေကို ကျွမ်းကျင်အလုပ်သမားဖြစ်ဖို့ဆိုတာ အချိန်တစ်ခုယူပြီး ပိုးမွေးသလို မွေးခဲ့ရတာ။ အဲဒီလို အခြေအနေမှာ အလုပ်သမားတွေကို အလုပ်ဖြုတ်လို့မရဘူး။ သူတို့ရဲ့ အလုပ်အကိုင်က ပြောင်းလဲသွားလို့မရပါဘူး။ သူတို့ကို အတိုင်းအတာတစ်ခုထိ ရပ်တည်နိုင်မယ့် လစာတစ်ခုနဲ့ ထိန်းထားပေးဖို့လိုပါတယ်။

အချို့ကုမ္ပဏီငယ်လေးတွေဆိုရင် လစာပေးစရာတောင် မရှိတာမျိုးဖြစ်နိုင်တယ်။ အချို့ဆိုရင် ပေးစရာအကြွေးတွေက ရှိနေပြီ၊ ခရီးစဉ်တွေဆီက ရဖို့၊ အခြားနိုင်ငံတွေကနေ ဝင်လာဖို့မရှိတဲ့ အခြေအနေမျိုးတွေကြောင့် အခက်အခဲ



ဦးနောင်နောင်ဟန်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

တွေ ကြုံရတယ်။ ကျွန်တော်တို့ ခရီးသွားကဏ္ဍမှာ အခက်အခဲတွေကတော့ အများကြီးပါပဲ။ လူမှုဖူလုံရေးရန်ပုံငွေ ထည့်ဝင်ရတာကလည်း ရှိတယ်။

ကျွန်တော်တို့ကုမ္ပဏီဆိုရင် ဝန်ထမ်းတွေအတွက် ပေးရတာများတယ်။ လစဉ်ပေးခဲ့ရတာဆိုတော့ နှစ်ကြာလာတော့ခက်ပါတယ်။ အခုလိုအခက်အခဲကြုံလာတဲ့အခါ ဘယ်လိုဆောင်ရွက်ကြမလဲပေါ့ စဉ်းစားစေလိုပါတယ်။ လုပ်ငန်းကြီးရင်ကြီးသလို သေးရင်လည်း သေးသလို အခက်အခဲကရှိပါတယ်။ အသင်းအဖွဲ့တွေ ဝင်ထားသူတွေကိုပဲ ကြည့်မယ်ဆိုရင်လည်း အကြောင်းကြောင်းကြောင့် အသင်းအဖွဲ့တွေမဝင်ဘဲ နိုင်ငံတော်အတွက် အခွန်အခတွေကို တာဝန်ကျေခဲ့တဲ့ လုပ်ငန်းတွေ၊ နိုင်ငံတော်အတွက်ရော၊ သူ့ဝန်ထမ်းတွေအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရော အကျိုးပြုခဲ့တယ်ဆိုရင် သူတို့ကိုလည်း ကြည့်ရှုသင့်တယ်လို့ ထင်ပါတယ်။

အင်းဝတို့ ပုဂံတို့လိုနေရာတွေမှာ လက်လုပ်လက်စားတွေဖြစ်တဲ့ သူတို့အတွက် ဝင်ငွေရပေါက်က တော်တော်လေးကျပ်တည်းသွားလောက်ပါပြီ။ ပြည်ပကိုလည်း သွားလာခွင့်တွေပိတ်ကြပြီ၊ ပြည်တွင်းခရီးသွားကလည်း လာဖို့ခက်လာပြီဆိုတော့ မြင်းလှည်းမောင်းသမားလေးတွေကအစ၊ လှေဆရာလေးတွေကအစ၊ ဈေးရောင်းသူကလေးတွေအထိ ခရီးသွားကဏ္ဍကို မှီတည်နေရသူတွေအတွက်လည်း တစ်ကဏ္ဍအနေနဲ့ စဉ်းစားသင့်တယ်လို့ ထင်ပါတယ်။ နိုင်ငံတော်က ဆောင်ရွက်ချက်တွေက အတော်လေးကို တုံ့ပြန်မှုမြန်ဆန်တာ အားရကျေနပ်မှုရှိပါတယ်။ ဒါကို အချိန်နဲ့ တစ်ပြေးညီ ပွင့်လင်းမြင်သာစွာနဲ့ အသင်းအဖွဲ့တွေရော၊ လက်တွေ့လုပ်ငန်း နယ်ပယ်က လူတွေကိုရော အားလုံးပါဝင်ပြီး သိုက်သိုက်ဝန်းဝန်းနဲ့ စုစုစည်းစည်း ဆောင်ရွက်ကြမယ်ဆိုရင် အခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးနောင်နောင်ဟန်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ**
**ခရီးသွားလုပ်ငန်းရှင်များအသင်း**

နိုင်ငံတော်အစိုးရကနေပြီး ကိုဗစ် -၁၉ ကြောင့်မို့ သက်ရောက်မှုတွေကို ကုစားနိုင်ဖို့အတွက် အခုလိုစီစဉ်ပေးတာပါ။ အဲဒါကြောင့် ကျွန်တော်တို့ ခရီးသွားကဏ္ဍမှာ အမှန်တကယ်ကို ထိခိုက်နေတဲ့ ခရီးသွားလုပ်ငန်းထဲက လုပ်ငန်းတွေကို ချေးငွေပေးအပ်သွားမှာပါ။ နဂိုကတည်းက အလုပ်လည်းမရှိဘူး၊ ကုမ္ပဏီနာမည်ပဲရှိပြီး အလုပ်မရှိတာတွေကိုတော့ ဦးစားပေးမှာတော့ မဟုတ်ပါဘူး။

အဓိကကတော့ ခရီးသွားကဏ္ဍမှာ အလုပ်လုပ်နေကြပြီးတော့ ကျွမ်းကျင်အလုပ်သမား ဝန်ထမ်းတွေ၊ ပညာရှင်တွေကို လက်လွှတ်ဆုံးရှုံးရမယ့် အခြေအနေတွေ ပေါ်ပေါက်နေတဲ့ လုပ်ငန်းတွေကိုသာ ဦးစားပေးပြီး လုပ်ဆောင်ပေးမှာပါ။ ကျွန်တော်တို့တွေက ကဏ္ဍအလိုက် ငွေကြေးဘယ်လောက် ချေးငွေချပေးမလဲဆိုတာ ခွဲခြားသတ်မှတ်ထားတာမရှိသေးပါဘူး။ လုပ်ငန်းသဘောအရ အလုပ်သမားတွေ ဘယ်လောက်ရှိနေတယ်။ ဝန်ထမ်းတွေ ဘယ်လောက်ရှိတယ်။ ဝန်ထမ်းတွေကို ဘယ်နှလအထိ လစာတွေ ဆက်လက်ပံ့ပိုးနိုင်မလဲဆိုတာမျိုးကို မေးမြန်းမယ်။

ဥပမာပြောရရင် ဝန်ထမ်း ၂၀ လောက်ရှိတဲ့ ကုမ္ပဏီနဲ့ ဝန်ထမ်း ၂၀၀ လောက်ရှိတဲ့ ကုမ္ပဏီကရမယ့် ချေးငွေပမာဏကတော့ တူညီမှာ မဟုတ်ပါဘူး။ သူတို့ထမ်းထားတဲ့ ဝန်ထုပ်ဝန်ပိုးတွေအပေါ်မှာ ကြည့်ပြီး ကျွန်တော်တို့အားလုံး စုပေါင်းပြီး တိုင်ပင်မျှဝေသွားမယ့်သဘောပါ။ အခုလောလောဆယ်မှာတော့ အားလုံးတိုင်ပင်ညှိနှိုင်းနေကြပါတယ်။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းကဏ္ဍက အားလုံးသော လူတွေက အားရှိသွားတာပေါ့။ မနေ့က နေ့ခင်းမှာ အစည်းအဝေးလုပ်တယ်။ မနေ့ကချက်ချင်းပဲ ကြေညာချက်ထွက်လာတယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာကြတာပေါ့။ သက်ဆိုင်သူတွေ အားလုံးကလည်း ဝမ်းသာကျေးဇူးတင်ကြတယ်။

နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ပေးချက်ဟာ အင်မတန်မှကို အားရစရာကောင်းပါတယ်။ လုပ်ငန်းရှင်တွေ၊ ဟိုတယ်တွေအားလုံးက ပျော်ကြတယ်။ သူတို့အတွက် ဝန်ထုပ်ဝန်ပိုး တစ်ခုကို နိုင်ငံတော်က အတတ်နိုင်ဆုံး ကူညီပေးခဲ့တာကြောင့် ဖြစ်ပါတယ်။ အခုဟာကတော့ ပဏာမ တုံ့ပြန်ချက်ပါ။ နောက်ပိုင်းမှာလည်း ကျွန်တော်တို့ဘက်ကနေ နိုင်ငံတော်အတွက် တာဝန်ရှိရှိနဲ့ ဆက်လုပ်သွားရမယ့်အရာတွေ အများကြီးရှိပါတယ်။ နိုင်ငံတော်ကတောင် ကျွန်တော်တို့အတွက် ဒီလိုပံ့ပိုးထားတာဖြစ်လို့ ကျွန်တော်တို့ ခရီးသွားကဏ္ဍကလည်း တာဝန်ရှိရှိနဲ့ ဆက်ပြီး တာဝန်ကျေဖို့ လိုပါတယ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် Coronavirus Disease 2019 (COVID–19) ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နေပြည်တော်ကောင်စီက အမိန့်ကြော်ငြာစာကို ယမန်နေ့က ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် COVID–19 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူတို့အနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် တိကျစွာလိုက်နာရန် အမိန့်ကြော်ငြာချက်ကို ထုတ်ပြန်ကြော်ငြာလိုက်ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ နေပြည်တော်အဆင့် ဌာနအဖွဲ့အစည်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနအဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများအနေဖြင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရမည့် တွေ့ဆုံပွဲများ၊ အခမ်းအနားများ၊ ဟောပြောပွဲများ၊ အစည်းအဝေးများနှင့် သင်တန်းများအား ထုတ်ပြန်သည့်နေ့မှ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့အထိ ကျင်းပခြင်းမပြုရန်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအနေဖြင့် အလုပ်ရုံ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ အခမ်းအနားများ၊ ဘာသာရေး/လူမှုရေးနှင့်ဆက်နွှယ်သော ကိစ္စရပ်များ ကျင်းပမည့်ရက်အား ရွှေ့ဆိုင်းသွားရန်၊ ရုပ်ရှင်ရုံများအား ဖွင့်လှစ်ပြသခြင်း မပြုလုပ်ရန်၊ အရောင်းမြှင့်တင်ရေးပွဲများ မပြုလုပ်ရန်၊ အများပြည်သူအနေဖြင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရမည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီး ကျင်းပခြင်းအပါအဝင်) မပြုလုပ်ကြရန်၊ ဘာသာရေးနှင့်ဆက်နွှယ်သော လူမှုရေးဆိုင်ရာ အခမ်းအနားများ၊ အခြားဘာသာရေးဆိုင်ရာ အခမ်းအနားများနှင့် ပွဲလမ်းသဘင်များ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးအဆင့်ဆင့်မှ ကျင်းပဖျော်ဖြေပွဲအား ရက်ရွှေ့ဆိုင်းသွားရန်၊ ပုံမှန်/အပတ်စဉ်ဆောင်ရွက်လျက်ရှိသော ဘာသာရေးဆိုင်ရာ ကိစ္စရပ်များကို မဖြစ်မနေဆောင်ရွက်ရန်လိုပါက လူဦးရေအနည်းဆုံးဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန်။

တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကဘော်ဒါဆောင်များ ဖွင့်လှစ်ခြင်းအား ခေတ္တရပ်ဆိုင်းထားရန်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူကြိုကျောင်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ပုဂ္ဂလိကမူကြိုကျောင်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်။

အများပြည်သူ စိုးရိမ်ထိတ်လန့်စေမည့် မမှန်သတင်း၊ ကောလာဟလများကို ဖန်တီးဖြန့်ဝေခြင်းမပြုရန်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြည်သူများအနေဖြင့် လတ်တလော Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်နိုင်ရေး၊ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်။

မိမိပတ်ဝန်းကျင်တွင် သံသယလူနာတွေ့ရှိပါက သက်ဆိုင်ရာ ခရိုင်/မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သတင်းပို့ အသိပေးဆောင်ရွက်သွားကြရန်နှင့် အများပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်လုပ်ဆောင်ရန် စသည်ဖြင့် ဖော်ပြပါရှိသည်။

**ကေတာ**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဖေဖော်ဝါရီလထိ)(ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၆၄၇၄ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၄၂၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၄၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၇၂၆ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၄၇၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၂၂ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၄၂၈ သန်း ဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၀၅၀ သန်း ဖြစ်သဖြင့် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် ၁၁၂၆ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၂၉၈ ဒေါ်လာသန်းနှင့် ကုန်သွယ်မှု ပမာဏ အမေရိကန် ဒေါ်လာ ၂၄၂၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် –

**တန်ဖိုး–ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၉–၂၀၂၀ (ဖေဖော်ဝါရီလထိ) (ယာယီ) | ၂၀၁၈–၂၀၁၉ (ဖေဖော်ဝါရီလထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၆၄၃.၇၉၂ | ၁၃၄၆.၄၄၆ | ၂၉၇.၃၄၆ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၅၂.၃၉၈ | ၂၆၅.၉၂၁ | -၂၁၃.၅၂၃ |
| ၃ | ရေထွက်ပစ္စည်းများ | ၄၁၆.၉၉၄ | ၃၆၁.၅၈၆ | ၅၅.၄၀၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၀၀၅.၅၆၈ | ၄၀၆.၉၈၇ | ၅၉၉.၅၈၁ |
| ၅ | သစ်တောထွက်ပစ္စည်း | ၇၃.၂၇၅ | ၇၄.၅၇၄ | -၁.၂၉၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၀၈.၉၇၇ | ၃၈၉၂.၆၆၂ | ၅၁၆.၃၁၅ |
| ၇ | အခြားပစ္စည်းများ | ၁၄၆.၇၆၀ | ၂၇၃.၈၈၂ | -၁၂၇.၁၂၂ |
| | **စုစုပေါင်း** | **၇၇၄၇.၇၆၄** | **၆၆၂၂.၀၅၈** | **၁၁၂၅.၇၀၆** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့သည်–

**တန်ဖိုး–ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၉–၂၀၂၀ (ဖေဖော်ဝါရီလထိ) (ယာယီ) | ၂၀၁၈–၂၀၁၉ (ဖေဖော်ဝါရီလထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၃၃၃၂.၂၂၅ | ၂၄၀၁.၉၀၀ | ၉၃၀.၃၂၅ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၃၂၇၅.၂၇၆ | ၃၀၆၇.၂၇၄ | ၂၀၈.၀၀၂ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၁၁၈.၉၃၈ | ၁၉၅၉.၀၁၃ | ၁၅၉.၉၂၅ |
| | **စုစုပေါင်း** | **၈၇၂၆.၄၃၉** | **၇၄၂၈.၁၈၇** | **၁၂၉၈.၂၅၂** |

## တရုတ်နိုင်ငံသို့ ဖရဲနှင့် သခွားမွှေး ပုံမှန်အခြေအနေအတိုင်း ပြန်လည်တင်ပို့နိုင်

**ရန်ကုန် မတ် ၁၉**

COVID–19 ရောဂါကြောင့် တရုတ် – မြန်မာနယ်စပ် မူဆယ်မြို့တွင် ဖရဲနှင့် သခွားမွှေး တင်ပို့မှုကို ရပ်နားထားခဲ့ရာမှ မတ် ၁၅ ရက်မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်တင်ပို့နိုင်ခဲ့ပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက "မတ် ၁၅ ရက်ကစပြီး တစ်နေ့ကို ကားအစီး ၄၀၀ လောက် ပြန်လည်တင်ပို့နေရပါတယ်။ ဖရဲကို ကားအစီး ၂၀၀ နဲ့ သခွားမွှေးကို ကားအစီး ၂၀၀ တင်ပို့ နေရပါတယ်။ တရုတ်ဘက်ကလည်း အဝယ်ပြန်လိုက် နေပါတယ်" ဟု ပြောသည်။

ထိုသို့ ဖရဲနှင့် သခွားမွှေး ပြန်လည်တင်ပို့နေရာမှ မတ် ၁၈ ရက်တွင် တရုတ် – မြန်မာ နယ်စပ်တွင် ကောလာဟလသတင်းကြောင့် တရုတ်ကုန်သည်များ အဝယ်ရပ်ခဲ့ပြီး ယခုပုံမှန် အရောင်းအဝယ်ဖြစ်လာကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"ကောလာဟလသတင်းတွေများတော့ ဖရဲနဲ့ သခွားမွှေးစိုက် တောင်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို နားထောင်စေချင်ပါတယ်။ မိမိနဲ့ သက်ဆိုင်တဲ့ ပွဲရုံပွဲစားတွေကိုလည်း မေးမြန်းစုံစမ်းပြီး သွားကြပါလို့ ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။

COVID–19 ရောဂါမဖြစ်ပွားမီ တရုတ်နှစ်သစ်ကူး မတိုင်မီအထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဖရဲနှင့် သခွားမွှေး တစ်နေ့လျှင် ကားအစီးရေ ၆၀၀/၇၀၀ တင်ပို့နိုင်ခဲ့ပြီး COVID – 19 ရောဂါဂယက်ကြောင့် တင်ပို့မှုရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဖရဲစိုက်ဧက တစ်သိန်းခန့်နှင့် သခွားမွှေးစိုက်ဧက ၃၅၀၀၀ ခန့်ရှိပြီး ထွက်ရှိလာသည့် ဖရဲနှင့် သခွားမွှေးများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့၍ ဟောင်ကောင်နှင့် စင်ကာပူတို့ကို တင်ပို့မှုများရှိရာ ပြည်ပတင်ပို့နိုင်မှုအနေဖြင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဖရဲတန်ချိန် ၆၆၀၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၈၇၄ သန်း၊ သခွားမွှေး တန်ချိန် ၁၂၀၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၄၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖရဲတန်ချိန် ရှစ်သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၄၆ သန်း၊ သခွားမွှေးတန်ချိန် ၁၂၀၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖရဲတန်ချိန် ၇၄၀၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၅၂၉ သန်း၊ သခွားမွှေးတန်ချိန် တစ်သိန်းခွဲကျော်၊ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂၃၄၅ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အစပိုင်းမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်အထိ ဖရဲတန်ချိန် ၃၂၀၀၀၀ ကျော်နှင့် သခွားမွှေး တန်ချိန် ၃၆၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**မင်းသစ်(MNA)**

◆ *ကျောဖုံးမှ*

လေ့ကျင့်မှုမပြတ်စေရန် နည်းပြချုပ် အန်တွမ်နီဟေးအနေဖြင့် ကာလတို လေ့ကျင့်ပြင်ဆင်နေခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၂ ရက်မှ ၁၇ ရက်အထိ ကစားသမား ၂၃ ဦးရွေးချယ်ကာ ကာလတိုလေ့ကျင့်ပြင်ဆင်ခဲ့ပြီး MNL နိုင်ငံခြားသားများအသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ဒုတိယအကြိမ် လေ့ကျင့်ရာတွင်လည်း ကာလတိုသာ လေ့ကျင့်မည်ဖြစ်ပြီး MNL ကလပ်အသင်းများ၏ အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲအပေါ် မူတည်၍ လေ့ကျင့်မည့်ရက် သတ်မှတ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးက ကိုင်တွယ်နေပြီး လက်ထောက်နည်းပြများ အဖြစ် ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးအောင်ကျော်မိုး၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူဆောင်ရွက်နေသည်။

ပွဲစဉ် ရွှေ့ဆိုင်းမှုများကြောင့် မြန်မာ့လက်ရွေးစင် အသင်းသည် နှစ်ကုန်ပိုင်းမှသာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရတော့မည်ဖြစ်ပြီး အောက်တိုဘာနှင့် နိုဝင်ဘာတွင် ရွှေ့ဆိုင်းထားသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲလက်ကျန်ပွဲများ ကစားရဖွယ်ရှိနေသည်။ ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကိုမူ နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျောဖုံးမှ*

ကျန်ရှိတော့ပြီး ဧပြီ ၁၅ ရက်မှ မေ ၁၃ ရက်အတွင်း ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာဆီယံဇုန် ဒုတိယအကျော့ပွဲစဉ်များ ကို ဧပြီ ၁၄၊ ၁၅၊ ၂၈၊ ၂၉ ရက်၊ မေ ၁၂၊ ၁၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းက အဝေးကွင်းသုံးပွဲ၊ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းတစ်ပွဲ ကစားရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ဒုတိယအကျော့ပွဲစဉ်များအဖြစ် ဧပြီ ၁၅ ရက်တွင် စင်ကာပူကလပ်ဟောင်အန်အသင်း၊ ဧပြီ ၂၉ ရက်တွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ မေ ၁၃ ရက်တွင် လာအိုကလပ် လာအိုတိုယိုတာအသင်းတို့နှင့် အဝေးကွင်းပွဲများ ကစားရန်ရှိနေပြီး ဧပြီလတွင် ကစားမည့်နှစ်ပွဲကို ရွှေ့ဆိုင်းခဲ့သလို မေလတွင်ကစားမည့်ပွဲကိုလည်း အတည်ပြုခြင်း မရှိသေးကြောင်း သိရသည်။ ရန်ကုန်အသင်းသည် ပထမအကျော့အပြီးတွင် သုံးပွဲကစား ခုနစ်မှတ်ရရှိထားသည်။

ရှမ်းယူနိုက်တက်အသင်းမှာမူ ဧပြီ ၁၅ ရက်တွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် အိမ်ကွင်း၊ ဧပြီ ၂၈ ရက်တွင် ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် အဝေးကွင်း၊ မေ ၁၂ ရက်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်ပြီး ဧပြီလတွင်ကစားမည့်နှစ်ပွဲကို ရွှေ့ဆိုင်းခဲ့သလို မေလတွင် ကစားမည့်ပွဲကိုလည်း အတည်ပြုခြင်း မရှိသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့သုံးပွဲစလုံး ရှုံးနိမ့်ထားပြီး အမှတ်မရသေးပေ။

အာရှဘောလုံးအဖွဲ့ချုပ်သည် ပြန်လည်ကစားမည့် ရက်များကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပြီး မြန်မာကလပ်အသင်းအနေဖြင့် အုပ်စုလက်ကျန်ပွဲများကို မေလမှသာ အစောဆုံးကစားရဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် (၁၈-၃-၂၀၂၀)ရက်နေ့၊ ညနေ (၆)နာရီမှ (၁၉-၃-၂၀၂၀) ရက် နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၁၈)ဦး ရှိပါသည်။ (ဇယား -၁)

၃။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ယနေ့ ည(၇)နာရီတွင် ပေးပို့လာသော ဓာတ်ခွဲစစ်ဆေးချက်အဖြေများအရ (၁၉-၃-၂၀၂၀) ရက်နေ့၊ နံနက် (၆)နာရီမှ ညနေ (၆)နာရီအထိ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ(၁၃)ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း(မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ (ဇယား -၂)

၄။ မကွေးပြည်သူ့ဆေးရုံကြီးတွင် (၁၇-၃-၂၀၂၀) ရက်နေ့၌ စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးနေစဉ် သေဆုံးခဲ့သော မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် နေထိုင်သည့် အသက်(၉)လအရွယ်၊ ကလေးငယ်တစ်ဦး၏ ဓာတ်ခွဲအဖြေတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း(မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၅။ ယနေ့ (၁၉-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆)နာရီအချိန်အထိ ဓာတ်ခွဲအဖြေစောင့်ဆိုင်းဆဲ စောင့်ကြည့်လူနာ (၁၆) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက် ရှိပါသည်။

၆။ ထိုသို့ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင်နေထိုင်သော အသက် (၇၄)နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၁-၃-၂၀၂၀) ရက်နေ့တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသည့် လက္ခဏာများ ခံစားခဲ့ရသဖြင့် (၁၇-၃-၂၀၂၀)ရက်နေ့တွင် တောင်ငူမြို့ရှိ ပြင်ပဆေးရုံတစ်ခုသို့ တက်ရောက်ကုသခဲ့ပြီး ထိုမှတစ်ဆင့် (၁၈-၃-၂၀၂၀) ရက်နေ့၊ နေ့လည် (၂)နာရီအချိန်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁,၀၀၀) သို့ လွှဲပြောင်းညွှန်းပို့ခဲ့ပါသည်။ လူနာအား စောင့်ကြပ်လူနာအဖြစ် သတ်မှတ်၍ လိုအပ်သော ဆေးဝါးကုသမှုများပေးနေစဉ် (၁၉-၃-၂၀၂၀) ရက်နေ့၊ နံနက် (၁၁)နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။ သေဆုံးရသည့်အကြောင်းအရင်းမှာ နာတာရှည် ကျောက်ကပ်ရောဂါအခံရှိပြီး ပြင်းထန်အဆုတ်ရောင်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သော သွေးဆိပ်သင့်ခြင်းကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။ အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးထားပါသည်။

၇။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် နေထိုင်သော အသက် (၇၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် (၁၄-၃-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ သလိပ်ပွခြင်း၊ ကြွက်သားနှင့် အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် ကြို့ပင်ကောက်မြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ခုသို့ (၁၉-၃-၂၀၂၀) ရက်နေ့တွင် တက်ရောက်ဆေးကုသမှုခံယူခဲ့ပြီး ယင်းနေ့တွင်ပင် သေဆုံးခဲ့ပါသည်။ လူနာသည် ခန္ဓာကိုယ်အနှံ့ အနီစက်များထွက်ပေါ်ခဲ့ကြောင်း သိရှိရပြီး သေဆုံးရသည့် အကြောင်းအရင်းမှာ နာတာရှည်အဆုတ်ပွရောဂါအခံရှိပြီး လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ပိုးဝင်ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ သေဆုံးလူနာမှာ COVID -19 ရောဂါ ကူးစက် ပြန့်ပွားလျက်ရှိသော နိုင်ငံများသို့ ခရီးသွားရာဇဝင်နှင့် ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း သေဆုံးလူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးထားပါသည်။

*စာမျက်နှာ ၉ သို့*

ဇယား-၁

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများ စတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် - သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | ခရီးသွားရာဇဝင် - မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | လူနာအား စတင်တွေ့ရှိသည့် နေရာ | COVID-19 ရောဂါလူနာနှင့် ထိတွေ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၃၈ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် | ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၇-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၃-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၂ | ၂၀ နှစ် | ကျား | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Guangdong ပြည်နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ နှာစေးခြင်း | ၁၇-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၅-၃-၂၀၂၀ | ပုဂ္ဂလိကဆေးရုံ | ထိတွေ့မှုမရှိပါ။ | တာချီလိတ် မြို့နယ်ဆေးရုံ (၁၈-၃-၂၀၂၀) | တရုတ်နိုင်ငံသား |
| ၃ | ၄၄ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲ ညောင်းညာခြင်း | ၁၅-၃-၂၀၂၀ | မလေးရှားနိုင်ငံ | ၁၂-၃-၂၀၂၀ | ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ | ထိတွေ့မှုမရှိပါ။ | ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၄ | ၅၁ နှစ် | ကျား | မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် | ဖျားခြင်း | ၁၇-၃-၂၀၂၀ | မရှိပါ။ | - | အောင်လံမြို့နယ်ပြည်သူ့ဆေးရုံ | ထိတွေ့မှုမရှိပါ။ | အောင်လံမြို့နယ်ပြည်သူ့ဆေးရုံ (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၅ | ၃၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် | လည်ချောင်းနာခြင်း | ၁၆-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၉-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၁၈-၃-၂၀၂၀) | ကမ္ဘောဒီးယားနိုင်ငံသား |
| ၆ | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် | လည်ချောင်းနာခြင်း | ၁၇-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၉-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၁၈-၃-၂၀၂၀) | ကမ္ဘောဒီးယားနိုင်ငံသား |
| ၇ | ၃၃ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း | ၅-၃-၂၀၂၀ | စင်ကာပူနိုင်ငံ | ၁၃-၃-၂၀၂၀ | မန္တလေးပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၈ | ၃၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ် | အနီစက်ထွက်ခြင်း၊ လည်ချောင်းနာခြင်း | ၁၀-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၉-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၁၈-၃-၂၀၂၀) | တရုတ်နိုင်ငံသား |
| ၉ | ၃၃ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် | ဖျားခြင်း | ၁၆-၃-၂၀၂၀ | အမေရိကန်နိုင်ငံ | ၈-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၀ | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၁၃-၃-၂၀၂၀ | မရှိပါ။ | - | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၁ | ၆၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၅-၃-၂၀၂၀ | မရှိပါ။ | - | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၂ | ၅၈ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ | ၁၇-၂-၂၀၂၀ | မရှိပါ။ | - | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၃ | ၇၄ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း | ၁၇-၃-၂၀၂၀ | မရှိပါ။ | - | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၄ | ၂၈ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ | ဖျားခြင်း | ၁၇-၃-၂၀၂၀ | မလေးရှားနိုင်ငံ | ၁၁-၃-၂၀၂၀ | ဒေးဒရဲမြို့နယ်ပြည်သူ့ဆေးရုံ | ထိတွေ့မှုမရှိပါ။ | ဒေးဒရဲမြို့နယ်ပြည်သူ့ဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၅ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် | ဖျားခြင်း | ၁၉-၃-၂၀၂၀ | ဒူဘိုင်း | ၁၅-၃-၂၀၂၀ | ဝေဘာဂီအထူးကုဆေးရုံ (Hospital Quarantine) | ထိတွေ့မှုမရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ (၁၉-၃-၂၀၂၀) | ရိုမေနီးယားနိုင်ငံသား |
| ၁၆ | ၅၀ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် | ဖျားခြင်း | ၁၉-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၉-၃-၂၀၂၀ | မူဆယ်နယ်စပ်ဝင်ထွက်ဂိတ် | ထိတွေ့မှုမရှိပါ။ | မူဆယ်မြို့နယ်ပြည်သူ့ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၇ | ၅၀ နှစ် | မ | မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၇-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၆-၃-၂၀၂၀ | မန္တလေး ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ။ | မန္တလေး ပြည်သူ့ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၈ | ၇၄ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၁၁-၃-၂၀၂၀ | မရှိပါ။ | - | ပုဂ္ဂလိကဆေးရုံ | ထိတွေ့မှုမရှိပါ။ | ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ နေပြည်တော် (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

### (၄-၁-၂၀၂၀ ရက်နေ့မှ ၁၉-၃-၂၀၂၀ ရက်နေ့ထိ) (၁၉-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(**ကမ္ဘာ့ကျန်းမာရေးအဖွဲ့**၏ (၁၈-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန်(၂၃:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင် တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့် နယ်မြေဒေသစုစုပေါင်း - (၁၆၆) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၂၀၇,၈၅၅) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၈,၆၄၈) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၁) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ် | ၈၁,၁၇၄ | ၃,၂၄၂ |
| ၂ | အီတလီ | ၃၅,၇၁၃ | ၂,၉၇၆ |
| ၃ | အီရန် | ၁၇,၃၆၁ | ၁,၁၃၅ |
| ၄ | စပိန် | ၁၃,၇၁၆ | ၅၉၈ |
| ၅ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၄၁၃ | ၈၄ |
| ၆ | ဂျာမနီ | ၈,၁၉၈ | ၁၃ |
| ၇ | ပြင်သစ် | ၇,၆၅၂ | ၁၇၅ |
| ၈ | အမေရိကန် | ၇,၀၈၇ | ၉၇ |
| ၉ | ဆွစ်ဇာလန် | ၃,၀၀၃ | ၂၁ |
| ၁၀ | အင်္ဂလန် | ၂,၆၂၆ | ၆၀ |
| ၁၁ | နယ်သာလန် | ၂,၀၅၁ | ၅၈ |
| ၁၂ | သြစတြီးယား | ၁,၆၄၆ | ၄ |
| ၁၃ | ဘယ်လ်ဂျီယံ | ၁,၄၈၆ | ၁၄ |
| ၁၄ | နော်ဝေး | ၁,၄၂၃ | ၃ |
| ၁၅ | ဆွီဒင် | ၁,၂၇၉ | ၃ |
| ၁၆ | ဒိန်းမတ် | ၁,၀၄၄ | ၄ |

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၈-၃-၂၀၂၀) တွင် ထုတ်ပြန်သော Situation Report (58) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၈၈) နိုင်ငံ ရှိပါသည်-
  - (၁) ဥရောပဒေသ - ၃၇ နိုင်ငံ
  - (၂) အမေရိကဒေသ - ၁၅ နိုင်ငံ
  - (၃) အနောက်ပစိဖိတ်ဒေသ - ၁၁ နိုင်ငံ
  - (၄) အရှေ့အလယ်ပိုင်းဒေသ - ၁၁ နိုင်ငံ
  - (၅) အာဖရိကဒေသ - ၆ နိုင်ငံ
  - (၆) အရှေ့တောင်အာရှဒေသ - ၆ နိုင်ငံ
  - (၇) နယ်မြေဒေသ - ၂ နိုင်ငံ
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၃၄)နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၉-၃-၂၀၂၀)ရက်နေ့၊ ညနေ (၄:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၁၇၃)ဦးနှင့် သံသယလူနာ (၂)ဦး၊ စုစုပေါင်း(၁၇၅)ဦးရှိပြီး ၎င်းတို့အနက်-
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၅၇) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ/ စောင့်ဆိုင်းဆဲ - (၁၈) ဦး
  - ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၀၆) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ - (၈) ဦး
  - ၎င်းတို့အနက် နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၂)ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁)ဦး၊ နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁)ဦး၊ နာတာရှည်အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁)ဦး၊ ဘက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၂) ဦးနှင့် လတ်တလော အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှော ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁)ဦး တို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၉-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၇၄)ဦး၊ ရှမ်းပြည်နယ်တွင် (၂၇) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၃၃) ဦး၊ အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၄၁)ဦး၊ စုစုပေါင်း (၁၇၅) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်သူလူထု အတွင်း မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လူတိုင်းလိုက်နာ ဆောင်ရွက်ရမည့် အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်း ဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင် မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

*စာမျက်နှာ ၈ မှ*

၈။ (၁၉-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်း နိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၆၀)နိုင်ငံတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များ အား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ် ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား-၂

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၁၉-၃-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁ | ၉ လ | မ | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ | မကွေးပြည်သူ့ ဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၂၃ နှစ် | မ | ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် | ကမာမောင်း တိုက်နယ်ပြည်သူ့ ဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၈၇ နှစ် | ကျား | ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် | ခုတင်(၁၀၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ နေပြည်တော် | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၂၈ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့ | ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၆ | ၂၆ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် | ဝေဘာဂီအထူးကုဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၇ | ၃၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် | ဝေဘာဂီအထူးကုဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၈ | ၃၃ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၉ | ၃၄ နှစ် | ကျား | မလေးရှား | ဝေဘာဂီအထူးကုဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၀ | ၃၈ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၁ | ၁၇ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် | ဝေဘာဂီအထူးကုဆေးရုံကြီး | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၂ | ၄၁ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ် | မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၃ | ၂၅ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် | ကန်တော်နဒီဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |

---

## နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ COVID -19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေး

**နေပြည်တော် မတ် ၁၉**

နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသော လူနာများနှင့် လူနာစောင့်များအား COVID -19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးမှုကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။


အသိပညာပေးရာတွင် ဆေးရုံအုပ် ဒေါက်တာခင်ဆန်းဆန်းကျော်၊ သူနာပြုအုပ်ကြီး ဒေါ်စောရွှေနှင့် လုပ်ငန်းအရာရှိ(ဆေးလူမှု) ဦးအောင်အောင်တို့က COVID-19 ရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့ပြင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ သို့ လူနာများရောက်ရှိလာပါက ကုသပေးမည့်အစီအစဉ်များ၊ လူနာများအား သီးခြားလူနာခန်းတွင် ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရောဂါပြန့်ပွားမှုနှုန်းကို ထိန်းချုပ်စေလိုရေးအတွက် လူနာတစ်ဦးလျှင် လူနာစောင့်တစ်ဦးသာ စောင့်ရှောက်စေလိုသော အခြေအနေများကို လိုက်နာဆောင်ရွက်ကြရန်နှင့် လူစုလူဝေးကိုရှောင်ရန်၊ ဖျားနာနေလျှင် အိမ်တွင်နေရန်၊ မလိုအပ်ဘဲ ခရီးမသွားရန်၊ အခန်းကျယ်တွင် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာတွင် နေထိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခြင်းတို့ကို ရှောင်ကြဉ်ရန် စသည်တို့ကိုလည်း ရှင်းလင်းအသိပညာပေး ဟောပြောခဲ့ကြပြီး စနစ်တကျ လက်ဆေးနည်းအဆင့်ဆင့်ကိုလည်း လက်တွေ့သင်ကြား သရုပ်ပြခဲ့ကြောင်းသိရသည်။

ထို့အတူ ဟောပြောပွဲသို့ လာရောက်နားထောင်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပြီး COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် http://mohs.gov.mm တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် ကျန်းမာရေးပညာပေး သတင်းအချက်အလက်များကို ဝင်ရောက်ဖတ်ရှုကြရန်လည်း တိုက်တွန်းသည်။

**ဟန်လင်းနိုင်**

# ပြည်သူသာလျှင် အဓိက


World Health Organization


နေ့ နောက်ဆုံးသတင်းအရ
နိုင်ငံ(၁၄၀) ကျော်
တစ်သိန်းငါးသောင်းကျော်
ကူးစက်
အတည်ပြုလူနာမတွေ့
ကာကွယ်ရေးလုပ်ငန်းတွေကို
အရှိန်အဟုန်မြှင့်ဆောင်ရွက်
ရောဂါကာကွယ်ထိန်းချုပ်ဖို့
တိုးမြှင့်ဖွဲ့စည်း
ပြည်သူတွေအနေနဲ့....
လိုက်ပါဆောင်ရွက်
Ministry of Health and Sports, Myanmar
“ပြည်သူသာလျှင်အဓိက”

# မန်းရွှေစက်တော်မှ ဗုဒ္ဓဘုရားရှင်၏ ရွှေသားစက်လက္ခဏာ ၁၀၈ ကွက်အား မင်းဘူးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာတိုက်၌ အပ်နှံသိမ်းဆည်း



**မင်းဘူး မတ် ၁၉**

မန်းရွှေစက်တော်မှ ဗုဒ္ဓဘုရားရှင်၏ ရွှေသားစက်လက္ခဏာ ၁၀၈ ကွက်အား မင်းဘူးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာတိုက်၌ မတ် ၁၈ ရက်က အပ်နှံသိမ်းဆည်းထားခဲ့ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်မှ ကြိုတင်ကာကွယ်ရန် ဘုရားပွဲတော်ကို မတ် ၁၃ ရက်က ပိတ်သိမ်းလိုက်ပြီးနောက် ၁၅ ပဲရည်ရွှေသား ၂ ပိဿာ ၈ ကျပ်သား ၅ ပဲ ၁၀ ရွေးတစ်ခြမ်း အလေးချိန်ရှိ အောက်စက်တော်ရာ ပါဒခြေတော်ရာကို ထိန်းသိမ်းစောင့်ရှောက်လိုက်ခြင်းဖြစ်သည်။

"ရွှေပြားပါဒစက်လက္ခဏာတွေကို ပုံစံခုံပေါ်မှာ နံပတ်စဉ်အလိုက် ဘုတ်ချောင်းတွေနဲ့ စုပ်ထားတာပါ။ ပွဲတော်ပိတ်ပြီဆိုတော့ ပြန်ဖြုတ်ပြီး ဘဏ်မှာ နှစ်စဉ်နှစ်တိုင်း သိမ်းဆည်းရပါတယ်။ ဂွမ်းထုပ်တွေနဲ့ သေချာထည့်ပြီး သေတ္တာထဲထည့်တယ်။ ချိပ်ပိတ်တယ်။ ပြီးရင် ဘဏ်အပ်ပါတယ်"ဟုဂေါပကအတွင်းရေးမှူးဦးခင်မောင်စိုးက ပြောသည်။

စကုမီးသတ်တပ်ဖွဲ့နှင့် ဂေါပကအဖွဲ့တို့က ဩဝါဒဆရာတော်ကြီးများ ရှေ့မှောက်တွင် ဖြုတ်သိမ်းကာ မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာတိုက်၌ သွားရောက်အပ်နှံခဲ့ကြပြီး ရွှေပြားများဖြုတ်ပြီးနောက် အောက်ခံခုံတော်ကို ပါဒရက္ခိတအခန်း၌ သိမ်းဆည်းထားကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့ထိ ကျင်းပသည့် ဘုရားပွဲတော်မတိုင်မီ တစ်ရက်အလိုတွင် စက်လက္ခဏာများကို ဘဏ်မှထုတ်ယူကာ ခြေတော်ရာခုံတွင် နံပတ်စဉ်အလိုက် တပ်ဆင်ရကြောင်း၊ နတ်မင်းကြီးလေးပါးမှထမ်းကာ အခမ်းအနားဖြင့် အောက်စက်တော်ရာအဆောင်သို့ ပို့ဆောင်ပူဇော်ရကြောင်း သိရသည်။

၁၉၇၆ ခုနှစ်က ရွှေပြားခတ်စက်လက္ခဏာများ တပ်ဆင်ရန် အောက်ခံသံမဏိပြားပေါ်တွင် နဂါးနှစ်ကောင်ရစ်ခွေနေသည့်ပုံစံကို တမွဝတီ ဦးဝင်းမောင်က ပုံစံထုတ်ခဲ့ပြီး စစ်ကိုင်းမှ ပန်းထိမ်ပညာရှင် ဦးတင်မောင်က တာဝန်ယူကာ တစ်လကြာထုလုပ်ခဲ့ကြောင်း သမိုင်းပညာရှင် ဦးကျော်စိန်ဝင်းထံမှ သိရသည်။ **ဇေယျာတု(မကွေး)**

## တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့ နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူပေါင်း ၁၆၀၅၈၁ ဦးရှိ

**နေပြည်တော် မတ် ၁၉**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၅ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၅၅၃ ခု၊ စာစစ်ဌာနစုစုပေါင်း ၁၅၅၈ ခုတွင် ဖြေဆိုသူပေါင်း ၁၆၀၅၈၁ ဦး ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၁၆၀၅၈၁ ဦး အနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၂၂ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၇ ဦး၊ အမြင်အာရုံမသန်စွမ်းဖြေဆိုသူ ၃၁ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၂၀၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၁၃ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၄ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - ပထဝီဝင် ရက်စွဲ၊ ၁၉ - ၃ - ၂၀၂၀

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၃၄ | ၄၆၃၀ | ၅၄၁၉ | ၁၀၀၄၉ | ၄၁၁၇ | ၅၀၃၁ | ၉၁၄၈ | ၉၁.၀၃ | ၅၁၃ | ၃၈၈ | ၉၀၁ | ၈.၉၇ | |
| ၂ | ကယား | ၂၀ | ၁၈၁၀ | ၂၅၆၄ | ၄၃၇၄ | ၁၆၂၀ | ၂၄၁၇ | ၄၀၃၈ | ၉၂.၃၂ | ၁၈၉ | ၁၄၇ | ၃၃၆ | ၇.၆၈ | |
| ၃ | ကရင် | ၃၈ | ၁၂၄၉ | ၂၀၄၂ | ၃၂၉၁ | ၁၀၈၇ | ၁၈၉၄ | ၂၉၈၁ | ၉၀.၅၈ | ၁၆၂ | ၁၄၈ | ၃၁၀ | ၉.၄၂ | |
| ၄ | ချင်း | ၃၀ | ၂၃၂၃ | ၂၆၀၅ | ၄၉၂၈ | ၁၉၀၀ | ၂၂၆၃ | ၄၁၆၃ | ၈၄.၄၈ | ၄၂၃ | ၃၄၂ | ၇၆၅ | ၁၅.၅၂ | |
| ၅ | စစ်ကိုင်း | ၂၀၅ | ၁၄၇၃၁ | ၁၈၄၀၀ | ၃၃၁၃၁ | ၁၃၄၉၄ | ၁၇၅၉၄ | ၃၁၀၈၈ | ၉၃.၈၃ | ၁၂၃၇ | ၈၀၆ | ၂၀၄၃ | ၆.၁၇ | |
| ၆ | တနင်္သာရီ | ၃၂ | ၅၉၀ | ၈၃၅ | ၁၄၂၆ | ၅၂၂ | ၇၇၀ | ၁၂၉၃ | ၉၀.၆၇ | ၆၉ | ၆၄ | ၁၃၃ | ၉.၃၃ | |
| ၇ | ပဲခူး | ၁၂၆ | ၄၉၅၇ | ၆၀၁၅ | ၁၀၉၇၂ | ၄၃၇၆ | ၅၆၁၆ | ၉၉၉၂ | ၉၁.၀၇ | ၅၈၁ | ၃၉၉ | ၉၈၀ | ၈.၉၃ | |
| ၈ | မကွေး | ၁၃၉ | ၆၆၄၃ | ၇၀၈၅ | ၁၃၇၂၈ | ၆၀၆၇ | ၆၇၉၀ | ၁၂၈၅၇ | ၉၃.၆၆ | ၅၇၆ | ၂၉၅ | ၈၇၁ | ၆.၃၄ | |
| ၉ | မန္တလေး | ၁၂၄ | ၄၂၂၀ | ၄၄၁၁ | ၈၆၃၂ | ၃၈၃၈ | ၄၂၃၃ | ၈၀၇၁ | ၉၃.၅၀ | ၃၈၃ | ၁၇၈ | ၅၆၁ | ၆.၅၀ | |
| ၁၀ | မွန် | ၄၀ | ၉၄၆ | ၁၄၅၁ | ၂၃၉၇ | ၈၃၄ | ၁၃၆၂ | ၂၁၉၆ | ၉၁.၆၁ | ၁၁၂ | ၈၉ | ၂၀၁ | ၈.၃၉ | |
| ၁၁ | ရခိုင် | ၉၆ | ၃၉၈၉ | ၄၅၇၄ | ၈၅၆၃ | ၃၄၆၃ | ၄၁၂၇ | ၇၅၉၀ | ၈၈.၆၄ | ၅၂၆ | ၄၄၇ | ၉၇၃ | ၁၁.၃၆ | |
| ၁၂ | ရန်ကုန် | ၁၈၁ | ၇၃၄၆ | ၆၁၀၃ | ၁၃၄၄၉ | ၆၃၁၅ | ၅၄၅၄ | ၁၁၇၆၉ | ၈၇.၅၁ | ၁၀၃၁ | ၆၄၉ | ၁၆၈၀ | ၁၂.၄၉ | |
| ၁၃ | ရှမ်း | ၁၂၃ | ၃၂၇၇ | ၃၈၃၉ | ၇၁၁၆ | ၂၉၉၉ | ၃၆၀၇ | ၆၆၀၆ | ၉၂.၈၃ | ၂၇၈ | ၂၃၂ | ၅၁၀ | ၇.၁၇ | |
| ၁၄ | ဧရာဝတီ | ၂၆၈ | ၂၂၅၅၂ | ၂၇၇၈၅ | ၅၀၃၃၇ | ၁၉၇၄၀ | ၂၅၈၁၉ | ၄၅၅၅၉ | ၉၀.၅၀ | ၂၈၁၂ | ၁၉၆၆ | ၄၇၇၈ | ၉.၄၉ | |
| ၁၅ | နေပြည်တော် | ၅၄ | ၁၈၃၆ | ၁၆၈၈ | ၃၅၂၄ | ၁၆၂၇ | ၁၅၇၂ | ၃၁၉၉ | ၉၀.၇၈ | ၂၀၉ | ၁၁၆ | ၃၂၅ | ၉.၂၂ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၅ | ၅ | ၁၆ | ၂၁ | ၅ | ၁၆ | ၂၁ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၁၅၅၈ | ၈၀၁၀၆ | ၉၄၈၃၂ | ၁၇၄၉၃၈ | ၇၂၀၀၅ | ၈၈၅၇၆ | ၁၆၀၅၈၁ | ၉၁.၇၉ | ၉၁၀၁ | ၆၂၅၆ | ၁၅၃၅၇ | ၈.၂၁ | |

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ပထမနှစ်ဝက် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသူ သုံးသိန်းလေးသောင်းနီးပါးရှိ

**နေပြည်တော် မတ် ၁၉**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ်ဝက် စာမေးပွဲများကို ယနေ့တွင် နိုင်ငံတစ်ဝန်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ စာရင်းရှိ ၃၀၄၁၂၈ ဦးအနက် ၂၉၃၃၉၉ ဦး ဖြေဆိုသဖြင့် ပျက်ကွက် ၁၀၇၂၉ ဦး၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၌ စာရင်းရှိ ၃၅၉၇၀ အနက် ၃၅၁၈၄ ဦး ဖြေဆိုသဖြင့် ပျက်ကွက် ၇၈၆ ဦးနှင့် ပညာရေးကောလိပ်များ၌ စာရင်းရှိ ၁၀၇၈၂ ဦးအနက် ၁၀၇၇၇ ဦး ဖြေဆိုသဖြင့် ပျက်ကွက် ၅ ဦး ရှိကြောင်း၊ နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ စုစုပေါင်း စာရင်းရှိ ၃၅၀၈၈၀ အနက် ၃၃၉၃၆၀ ဖြေဆိုကြပြီး ပျက်ကွက် ၁၁၅၂၀ ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် (၁၉-၃-၂၀၂၀) ရက်နေ့ စာမေးပွဲဖြေဆိုမှု အခြေပြဇယား

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | နံနက်ပိုင်း | | | မွန်းလွဲပိုင်း | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | စာရင်းရှိ | ဖြေဆို | ပျက်ကွက် | စာရင်းရှိ | ဖြေဆို | ပျက်ကွက် | စာရင်းရှိ | ဖြေဆို | ပျက်ကွက် |
| ၁ | ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ၁၅၃၈၀၅ | ၁၄၈၅၄၇ | ၅၂၅၈ | ၁၅၀၃၂၃ | ၁၄၄၈၅၂ | ၅၄၇၁ | ၃၀၄၁၂၈ | ၂၉၃၃၉၉ | ၁၀၇၂၉ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၁၉၉၂၉ | ၁၉၄၉၉ | ၄၃၀ | ၁၆၀၄၁ | ၁၅၆၈၅ | ၃၅၆ | ၃၅၉၇၀ | ၃၅၁၈၄ | ၇၈၆ |
| ၃ | ပညာရေးကောလိပ် | ၁၀၇၈၂ | ၁၀၇၇၇ | ၅ | ၀ | ၀ | ၀ | ၁၀၇၈၂ | ၁၀၇၇၇ | ၅ |
| | စုစုပေါင်း | ၁၈၄၅၁၆ | ၁၇၈၈၂၃ | ၅၆၉၃ | ၁၆၆၃၆၄ | ၁၆၀၅၃၇ | ၅၈၂၇ | ၃၅၀၈၈၀ | ၃၃၉၃၆၀ | ၁၁၅၂၀ |

❇ *ကျောဖုံးမှ*

ဦးစားပေးစေလွှတ်သော်လည်း ၂၀၁၈ နှင့် ၂၀၁၉ ပြိုင်ပွဲနှစ်ခုစလုံးတွင် အမှတ်ပေးချန်ပီယံ MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိသောကြောင့် ဒုတိယရသည့် VUC အသင်းက အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ကြိမ်စလုံး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ VUC အသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် အုပ်စု(က)၌ ဂျပန်ကလပ် နာဂိုရာအသင်း၊ တရုတ်ကလပ် ဒါလီယန်အသင်း၊ အင်ဒိုနီးရှားကလပ် ဗာမို့စ်အသင်းတို့နှင့် လည်းကောင်း၊ ၂၀၁၉ ပြိုင်ပွဲတွင်မူ အုပ်စု (C)၌ လက်ဘနွန်ကလပ် ဘေရွတ်အသင်း၊ အင်ဒိုနီးရှားကလပ် ဗာမို့စ်အသင်း၊ တာဂျစ်ကစ္စတန်ကလပ် ဆိုရှိအသင်းတို့နှင့်လည်းကောင်း ကျရောက်ခဲ့ပြီး နှစ်ကြိမ်စလုံး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင်လည်း ၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ချန်ပီယံအသင်းကိုသာ ယှဉ်ပြိုင်ခွင့်ပြုရန် စီစဉ်ထားပြီး MIU အသင်း ဗိုလ်စွဲထား သည်။ ချန်ပီယံ MIU အသင်းသည် ပြိုင်ပွဲယှဉ်ပြိုင်ခြင်းရှိ၊ မရှိ ပြန်လည်ဆုံးဖြတ်မည်ဖြစ်ပြီး မယှဉ်ပြိုင်ပါက ဒုတိယရသည့် VUC အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိ

**နေပြည်တော် မတ် ၁၉**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ စာမေးပွဲဖြေဆိုသူများအနေဖြင့် ရောဂါကင်းကွာ၍ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိသည်။

ထိုသို့ COVID-19 ရောဂါ မဖြစ်ပွားစေရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာမေးပွဲခန်းအတွင်းရှိ စားပွဲခုံများ တစ်ခုနှင့်တစ်ခု အနည်းဆုံး သုံးပေခန့်ထားရှိခြင်း၊ စာမေးပွဲခန်းများ လေဝင်လေထွက်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲမစတင်မီ ကျောင်းသား ကျောင်းသူများ ဖျားခြင်း၊ နှာချေခြင်းနှင့်ချောင်းဆိုးခြင်းစသည့် ရောဂါလက္ခဏာ ရှိ/မရှိ စစ်ဆေးခြင်းနှင့် စာမေးပွဲခန်းအတွင်းသို့မဝင်ရောက်မီ စနစ်တကျလက်ဆေးခြင်းများ ဆောင်ရွက်ရန် ဆရာ ဆရာမများက နေ့စဉ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် စာစစ်ဌာနများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ယာယီကျန်းမာရေး ဆေးပေးခန်းကို ဖွင့်လှစ်ပေးထားသည်။

**စိုးအောင်(ပညာရေး)**

# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

## မီးရထားသယ်ယူပို့ဆောင်ရေး

- ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းတွင် သံလမ်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး၊ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း သံလမ်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ


| | |
|---|---|
| မိုဘိုင်းရေဒီယိုစခန်းတိုးချဲ့တည်ဆောက်နိုင်မှု | (၃၂)ခု |
| Fibre Optic Cable တိုးချဲ့ဆောင်ရွက်မှု | (၇၆၇.၅၅) Km |

## လျှပ်စစ်ကဏ္ဍ



စစ်တွေ ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင် ဆောင်ရွက်ပြီးစီးခြင်း





- ယခုအစီရင်ခံသည့်ကာလအထိ ရခိုင်ပြည်နယ်ရှိ မြို့(၂၂)မြို့မှ အိမ်ထောင်စု (၁၅၁၆၈၆)စုကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့နိုင်သဖြင့် ရခိုင်ပြည်နယ်၏ (၇၀.၀၁ %) လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေဓာတ်အားလိုင်းပေါ်မှ ဆတ်ရိုးကျပေါ်သို့ (၀.၆)မိုင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဆတ်ရိုးကျဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း | (၂၅-၉-၂၀၁၉)ရက်နေ့တွင် ဆောင်ရွက်ပြီးစီးပြီဖြစ် |
| ၂ | ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ စစ်တွေဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း | (၃၀-၉-၂၀၁၉) ရက်နေ့တွင်ပြီးစီးပြီဖြစ် |
| ၃ | စစ်တွေမြို့၊ ဆတ်ရိုးကျကျေးရွာအပါအဝင် ကျေးရွာ(၁၄)ရွာ ဓာတ်အားပေးရန် ၆၆/၁၁ ကေဗွီအေ ၁၀ အမ်ဗွီအေဓာတ်အား ခွဲရုံ တည်ဆောက်ခြင်း၊ ၆၆ ကေဗွီ Double Circuit လိုင်း ၀.၆ မိုင်လုပ်ငန်း | (၈-၁၀-၂၀၁၉)ရက်နေ့မှစ၍ ဓာတ်အားပို့လွှတ်နေပြီဖြစ် |
| ၄ | ကျောက်တော်မြို့ ခေါင်းတုတ်(ပလောင်)ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၀.၅)မိုင်၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း(၁)မိုင်၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး၊ လိုင်းခွဲ D/S တစ်စုံ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း | (၂-၁၁-၂၀၁၉)ရက်နေ့တွင် ဓာတ်အားရရှိပြီးဖြစ် |

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၅ | ကျောက်တော်မြို့ ခေါင်းတုတ်(ကုလား)ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁.၂)မိုင်၊ (၄၀၀) ဗို့ ဓာတ်အားလိုင်း(၂)မိုင်၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၂)လုံး၊ လိုင်းခွဲ D/S တစ်စုံ တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်း | (၂-၁၁-၂၀၁၉)ရက်နေ့တွင်ဓာတ်အားရရှိပြီးဖြစ် |
| ၆ | - အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာ ဓာတ်အားပေးနိုင်ရန် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း<br>- ၃၃ ကေဗွီလိုင်း ၄.၅၁ မိုင်လုပ်ငန်း | ပစ္စည်းများရောက်ရှိနေပြီဖြစ်<br><br>တင်ဒါစိစစ်ပြီးဖြစ် |
| ၇ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာဓာတ်အားပေး ရန်<br>- ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောခွဲရုံတွင် Switch Bay Extension | (၂၃-၁၂-၂၀၁၉)ရက်နေ့နှင့် (၂၅-၁၂-၂၀၁၉)ရက်နေ့တို့တွင် ထရန်စဖော်မာအထိုင်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ |
| | - အခြားမြို့ပြလုပ်ငန်းများ | ၁၀၀ % |
| | - ၆၆ ကေဗွီလိုင်း ၂၀.၄ မိုင် | ၁၈ % |
| | - ၁၁ ကေဗွီလိုင်း ၃၉ မိုင် | ၁၀၀ % |
| | - ၄၀၀ ဗို့လိုင်း ၁၆.၅ မိုင် | ၁၀၀ % |
| | - ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ Transformer ၂၂ လုံးတည်ဆောက်ခြင်း | ၁၀၀ % |

## ဆိုလာစနစ်ဖြင့်မီးလင်းရေးဆောင်ရွက်နိုင်မှု



မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံဖွင့်လှစ်ခြင်း



- မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ (၁၃-၁၁-၂၀၁၉) ရက်နေ့တွင် ဓာတ်အားစတင်ဖြန့်ဖြူးပေးနေပြီး (၁၉-၁၂-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။
- ကျေးလက်မီးလင်းရေး (NEP) စီမံကိန်းဖြင့် (၁၆)မြို့နယ်ရှိ ကျေးရွာ(၂၄၆) ရွာတွင် တစ်အိမ်သုံးဆိုလာ(၁၅၆၂)ခုကို တပ်ဆင်ခြင်းလုပ်ငန်း(၆၆) % ပြီးစီးနေပြီ ဖြစ်ပါသည်။

## အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး

စစ်တွေ၊ ရသေ့တောင်၊ မြေပုံ၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်နှင့် ရမ်းဗြဲမြို့နယ်(၁၂)မြို့နယ်ရှိကျေးရွာ(၃၀)ရွာတွင် ကျေးလက်အိမ်ရာ(၃၀၀)လုံး တည်ဆောက်ခြင်းလုပ်ငန်းသည် အစီရင်ခံသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

## ရေရရှိရေး

ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်း(၂၃)ခု ဆောင်ရွက်ပြီးစီးမှု




## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကဏ္ဍပေါင်းစုံပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မှုအနေဖြင့် မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ(၁၄၁)ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ(၁၀၀ %) ဆောင်ရွက်ပြီး ဖြစ်ပြီး ထပ်တိုးကျေးရွာ(၈)ရွာတွင် လမ်းတံတား(၇)ခု၊ ရေပေးရေးလုပ်ငန်း(၁)ခု၊ စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်း(၈)ခုကို ယခင်ကာလက(၅၈ %) ဆောင်ရွက်ခဲ့ပြီး ယခုအစီရင်ခံသည့်ကာလတွင်(၁၀၀ %) ဆောင်ရွက်ပြီးဖြစ်ပါသည်။

## လူထုဗဟိုပြုစီမံကိန်း

ကမ္ဘာ့ဘဏ်၏ အကူအညီအထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ခြင်း



ဂွမြို့နယ် ရဟိုင်ကူးတို့ကျေးရွာအုပ်စု၊ ရဟိုင်ကွင်းကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု



ပုဏ္ဏားကျွန်းမြို့နယ်အလယ်ချောင်းကျေးရွာအုပ်စု၊ မြစ်နားပြင်ကျေးရွာ ရွာတွင်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု


- ဂွမြို့နယ်ရှိ ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာ(၁၄)ရွာ → လမ်းတံတား(၁၀)ခု၊ စာသင်ကျောင်း(၃) ခုနှင့် ရေပေးရေး (၁)ခု စုစုပေါင်းလုပ်ငန်း(၁၄)ခု ဆောင်ရွက်ပြီးစီးခဲ့
- ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၄)အုပ်စု၊ ကျေးရွာ(၆)ရွာ → လမ်းတံတား(၅)ခုနှင့် ရေပေးရေး (၁)ခု စုစုပေါင်း လုပ်ငန်း(၆)ခု ဆောင်ရွက်ပြီးစီးခဲ့

## စက်ပစ္စည်းများအစားထိုးသုံးစွဲခြင်း

စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့သည့် ထွန်ယက်၊ ရိတ်သိမ်းမှုများမှာ -

- ထွန်ယက်ခြင်း - (၃၅၁၈) ဧကလျှာ
- ရိတ်သိမ်းခြွေလှေ့ခြင်း - (၃၁၆၀) ဧကလျှာ

တောင်သူများသို့ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ထော်လာဂျီများကို ဝယ်ယူရန်အတွက် အရစ်ကျငွေချေစနစ်ဖြင့် ငွေကျပ် (၉၅.၆၅၅)သန်း ငွေထုတ်ချေးနိုင်ခဲ့ပါသည်။




*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့ရုပ်မြင်သံကြား

၂၀-၃ -၂၀၂၀(သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - MRTV Travelogue "ရွှေသောင်ယံသို့ ခရီးသွားခြင်း" (အပိုင်း- ၅)
၈:၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၉:၄၅ - Soccer View
၁၀:၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၂:၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း- ၂၀)
၁၃:၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရှာပုံတော်" (အပိုင်း- ၃၂)

**ညပိုင်း**

၁၇:၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဆင်ခြေထောက်ရောဂါ ကင်းဝေးဖို့ သန်ချဆေး ပေါင်းသောက်ကြစို့"
၁၇:၃၅ - Weekly Sports Info
၁၈:၂၀ - BBC Click
၁၈:၄၅ - "ရေရှားပါးမှုပြဿနာကို အတူလက်တွဲ ရင်ဆိုင်ကြပါစို့ "
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **ပြည်သူ့အကျိုးပြု မှတ်တိုင်များ "တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင် " (အပိုင်း-၈)**
- **မြန်မာ့ရုပ်ရှင် ရာပြည့်ဂုဏ်ပြုအစီအစဉ် "လိပ်ပြာကူး ထူးခြားသူများ" (အကယ်ဒမီ ရန်အောင်)**

# မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသူများအား စိစစ်လက်ခံ

**မောင်တော မတ် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ ယနေ့ နံနက် ၉ နာရီခွဲက မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စုနှစ်စု အမျိုးသား ငါးဦး ၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၁ ဦးအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်လက်ခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေး တာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်း လုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများပြုလုပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်အထက် အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးပေါင်း ခုနစ်ဦးတို့အား NV Card ထုတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အား မွန်းလွဲ ၁၂ နာရီတွင် ပြီးစီးခဲ့သည်။

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးမောင်က လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရောက်ရှိပြီး လှဖိုးခေါင်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက လွှဲပြောင်း/ လက်ခံဆောင်ရွက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံး ပစ္စည်းများအား



ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသူ ၁၁ ဦးအား မောင်တောမြို့နယ်၊ ငန်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် စခန်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# လှိုင်မြို့နယ်၌ ကျောင်းဆရာမတစ်ဦး၏ နေအိမ်အတွင်း ဝင်ရောက်ရိုက်နှက်ကာ ပစ္စည်းများလုယူသွားသူကို ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျာသိဒ္ဓိ(၃)လမ်းနေ ကျောင်းဆရာမတစ်ဦး၏ နေအိမ်အတွင်း ဝင်ရောက်၍ ရိုက်နှက်ကာ ပစ္စည်းများ လုယက်ယူဆောင်သွားသူအား မတ် ၁၅ ရက်က ဖမ်းဆီးရမိခဲ့သည်။

လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျာသိဒ္ဓိ (၃)လမ်း အမှတ်(၁၀၇)နေ မ----သည် ၎င်း၏ နေအိမ်အောက် အမှတ်(၁၁၃) မြေညီထပ်နေ အစ်မတော်စပ်သူ မ-----(ကျောင်းဆရာမ)သည် နေ့စဉ်နံနက် ၇ နာရီတွင် ကျောင်းသို့ သွားနေကျဖြစ်သော်လည်း နေအိမ်ရှေ့တွင် ကားရပ်ထားသည်ကို တွေ့ရှိသောကြောင့် ၎င်းထံရှိသည့် သော့အပိုတစ်ချောင်းဖြင့် တံခါးဖွင့်ကြည့်ရာ ၎င်း၏ အစ်မဖြစ်သူမှာ ဒဏ်ရာများဖြင့် အိပ်ရာပေါ်၌ လဲကျနေသည်ကို တွေ့ရှိသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် လှိုင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်အား ရန်ကုန်တိုင်းဒေသကြီး မှုခင်းအကူဌာနစုနှင့် လှိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျာသိဒ္ဓိ (၃)လမ်းနေ ပေကြီး(ခ)မျိုးနိုင် ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက် မွန်းလွဲပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းသည် မတ် ၁၃ ရက်က အခင်းဖြစ်နေအိမ်တွင် မ----- အား သံပိုက်လုံးဖြင့် ရိုက်နှက်ကာ ရွှေထည်ပစ္စည်းများနှင့် ဖုန်းတစ်လုံးတို့ကို ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံ ရွှေထည်ပစ္စည်း ခြောက်မျိုးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ပေကြီး(ခ)မျိုးနိုင်ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# စဉ့်ကိုင်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၈ ရက် ညပိုင်းတွင် စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာ မြောက်မြေရပ်ကွက် မြွေဘုရားအဝင်လမ်းတွင် နန်းဝင်းအောင် မောင်းနှင်ပြီး မသန်းသန်းအေး(ခ)မအေး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၉၀ နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖားကန့်၌ ကျောက်ရှာဖွေသူတစ်ဦး ကျောက်ခဲထိမှန်သေဆုံး

**ဖားကန့် မတ် ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ယမန်နေ့ မွန်းလွဲပိုင်းက မြေစာပုံတွင် ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ကျောက်ခဲထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာ စဗွေချောင်းအနီးရှိ ပွင့်ထူးစံကုမ္ပဏီ စွန့်ပစ်မြေစာပုံ၌ ကုမ္ပဏီမြေသယ်ယာဉ်မှ မြေစာများ စွန့်ပစ်နေစဉ် မြေစာပုံအောက်ခြေ အနက်ပေ ၂၅၀ ခန့်တွင် ရေမဆေးကျောက်ရှာဖွေသည့် ကရင်ချောင်းကျေးရွာနေ ဦးဆယ်ပို (၅၆နှစ်)၏ ခါးကို ပိဿာချိန် ၃၀ ခန့်ရှိ ကျောက်ခဲလိမ့်ကျထိမှန်ကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# မုဒုံ၊ ဆိပ်ဖြူ ၊ မကွေးနှင့် မလှိုင်မြို့နယ်တို့တွင် ယာဉ်မတော်တဆမှုများနှင့် မီးလောင်မှုများဖြစ်ပွား

## မုဒုံ

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ကျောင်းသစ်လမ်းထောင့်ရှိ ဟသ်ာမောင်နှံအဝိုင်းတွင် ယမန်နေ့ ည ၁၂ နာရီ မိနစ် ၄၀ က မြို့မ(၂)ရပ်ကွက် ရာဇဓိရာဇ်လမ်း အမှတ်(၃၇)နေ ဝင်းထက်နောင်သျှင်(၂၃ နှစ်) မောင်းနှင်လာသည့် ဟွန်ဒါဖစ်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ဟသ်ာမောင်နှံအဝိုင်း အုတ်ခုံအား ဝင်တိုက်မိကာ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မုဒုံမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်မျိုးထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မုဒုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဝင်းထက်နောင်သျှင်အား မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သပြေကျေးရွာ၏ အနောက်ဘက် ဆိပ်ဖြူ - ဆော -ကန်ပက်လက် ကားလမ်း မိုင်တိုင်အမှတ် ၂၁ မိုင် ၇ ဖာလုံတွင် မတ် ၁၉ ရက် နံနက်က တရားမဝင်သစ်များ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်တစ်စီး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ ဆိပ်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ကဇွန်းမနယ်မြေ မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများနှင့် ပြည်သူများ



ဆိပ်ဖြူမြို့၌ မော်တော်ယာဉ်မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ကြစဉ်။ ကိုဖွဲ့ (အညာမြေ)

နံနက် ၆ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါယာဉ်မှာ အခြားသား (သန်း ၊ ထောက်ကြံ့ ၊ ရုံး ၊ သစ်မကျီး) နှစ်တန်ခန့်ကို တင်ဆောင်လာစဉ် တိမ်းမှောက်ရာမှ မီးလောင်မှုဖြစ်ကြောင်းနှင့် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင် သွားသဖြင့် ကဇွန်းမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုဖွဲ့ (အညာမြေ)**

## မကွေး

မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာအနီးရှိ နေပြည်တော်-မကွေး ကားလမ်းပေါ်တွင် မတ် ၁၈ ရက် ညပိုင်းက နေပြည်တော်-မင်းလှ ပြေးဆွဲနေသည့် နယူးအောင်လံ ခရီးသည်တင် ယာဉ်ငယ်တစ်စီး မီးလောင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုမှာ ယာဉ်အင်ဂျင် အပူလွန်ကဲ၍ မီးလောင်ခဲ့ခြင်းဖြစ်ပြီး မကွေးခရိုင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့သစ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားကြောင်း၊ မီးလောင်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၈ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်စိုးသန့်အား ညောင်ကန်နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မလှိုင်

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မလှိုင်-မိတ္ထီလာသွားကားလမ်း မိုင်တိုင်အမှတ် ၁၉/၁ နှင့် ၂ ကြားတွင် မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်က နိုင်ကိုဆိုင်းအဖွဲ့မှ ဆိုင်းပစ္စည်းများတင်ဆောင်၍ မိတ္ထီလာမြို့ ပျော်ကုန်းကျေးရွာနေ အောင်ပြည့်ဖြိုး(၂၄နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 4M/----- တိုယိုတာဒိုင်နာယာဉ်မှာ အရှိန်လွန်တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူများဖြစ်သည့် မြင်းခြံမြို့ အေးချမ်းရပ်ကွက်နေ ကိုမိုးသူ(၃၈နှစ်)တွင် ဒဏ်ရာ(စိုးရိမ်ရ)၊ မြင်းခြံမြို့ အမှတ် ၄ ရပ်ကွက်နေ ဦးထွန်းညွန့်(၅၈ နှစ်)၊ တစ်ရပ်ကွက်တည်းနေ ကိုလတ်(၄၅ နှစ်)၊ မြင်းခြံမြို့ လေးအိမ်တန်းရပ်ကွက်နေ အောင်ရဲကျော်(၂၃ နှစ်)နှင့် မြင်းခြံမြို့ အမှတ် ၁၈ ရပ်ကွက်နေ သိန်းဇော်ဦး(၃၅နှစ်)တို့တွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း မလှိုင်မြို့မ ရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းထံမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ပြည့်ဖြိုးအား မလှိုင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ကမ္ဘာ့နိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုမရှိစေရေး တင်းတင်းကျပ်ကျပ်ဆောင်ရွက်

**ရောမ မတ် ၁၉**

ကမ္ဘာ့နိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုမရှိစေရန် တင်းတင်းကျပ်ကျပ်ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၁၉ ရက်က ဖော်ပြလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် အဆိုးရွားဆုံးခံစားနေရသည့် နိုင်ငံတစ်နိုင်ငံမှာ အီတလီနိုင်ငံဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၃၅၀၀၀အထိမြင့်တက်လာခဲ့ပြီး လူပေါင်း ၃၀၀၀ နီးပါး သေဆုံးခဲ့ကာ တစ်ရက်တည်းမှာပင် သေဆုံးသူ ၄၇၅ ဦးအထိ ရောက်ရှိလာကြောင်း ထူးခြားမှတ်တမ်းတင်ခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံပြီးလျှင် အီတလီသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့သည်။

အစိုးရက ပြည်သူများကို မလိုအပ်ဘဲ အပြင်ထွက်ခြင်းကို ဧပြီ ၃ ရက်အထိ မပြုလုပ်ဘဲ ရှောင်ကြဉ်ရန် တိုက်တွန်းထားကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကို ထိရောက်စွာ ဂရုစိုက်နိုင်ရန် အီတလီနိုင်ငံမြောက်ပိုင်း လွန်ဘာဒီဒေသတွင် ယာယီဆေးရုံတစ်ရုံကို ချက်ချင်းတည်ဆောက်လျက်ရှိသည်။

အလားတူဆောင်ရွက်မှုမျိုးကို စပိန်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် ပြုလုပ်လျက်ရှိသည်။ ဥရောပသမဂ္ဂက နိုင်ငံခြားသားများလာရောက်ခြင်းကို နောက်ထပ် ရက် ၃၀ အထိ ပိတ်ပင်လိုက်ကြောင်း ပြောကြားလိုက်သည်။

အာရှတွင်လည်း တရုတ် (တိုင်ပေ) အာဏာပိုင်များက ၎င်းတို့သည် နိုင်ငံခြားသားများဝင်ရောက်ခွင့်ကို ကြာသပတေးနေ့မှစပြီး တားဆီးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မလေးရှားကလည်း ယင်းတို့နယ်စပ်ကို နိုင်ငံခြားသားများ မလာရောက်ရန် ပိတ်လိုက်ပြီဖြစ်သည်။ ထို့အတူ မိမိနိုင်ငံသားများကို နိုင်ငံခြားသို့ သွားရောက်ခြင်းလည်း ခွင့်ပြုမည်မဟုတ်ကြောင်း ပြောသည်။

စင်ကာပူကျန်းမာရေးဝန်ကြီးဌာနကလည်း မတ် ၁၈ ရက်က ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ပေါင်း ၄၇ ခုထိရှိလာပြီးနောက် နိုင်ငံတွင်းသို့ ဝင်လာသူမှန်သမျှ ၁၄ ရက်ကြာ သီးသန့်ခွဲခြားစောင့်ကြည့်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အတူ ဩစတြေးလျအစိုးရကလည်း ကိုရိုနာဗိုင်းရပ်စ် တားဆီးမှုများကို အရှိန်မြှင့်တင်ကာ ဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုမရှိရေး ဆောင်ရွက်နေစဉ်။



တရုတ်နိုင်ငံဒေသအချို့တွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေသူများကို တွေ့ရစဉ်။

## တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူမရှိ

**ဟူပေ မတ် ၁၉**

တရုတ်နိုင်ငံရှိ ကိုရိုနာဗိုင်းရပ်စတင်ကူးစက်ဖြစ်ပွားခဲ့ရာဖြစ်သည့် ဝူဟန်မြို့ရှိရာ ဟူပေပြည်နယ်တွင် မတ် ၁၈ ရက်က ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ တစ်ဦးမျှပေါ်ထွက်လာခဲ့ခြင်းမရှိကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

အာဏာပိုင်များက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါကူးစက်ခံရသူ အရေအတွက်ကို စတင်ထုတ်ပြန်ခဲ့သည့် ဇန်နဝါရီလမှစတင်ကာ ဟူပေပြည်နယ်တွင် ပထမဆုံးအကြိမ် ရောဂါကူးစက်မှု သုညအထိ လျော့ကျသွားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တရုတ်နိုင်ငံတစ်ဝန်း၌ မတ် ၁၈ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူ ၃၄ ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့ရာ တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၈၀၉၂၈ ဦးအထိ ရှိလာခဲ့သည်။ ထပ်မံကူးစက်ခံရမှုအားလုံးမှာ နိုင်ငံအတွင်းသို့ ရောက်ရှိလာကြသူများထံမှ ကူးစက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရိုးရာယုံကြည်မှုကြောင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရာတွင် နွားသေးသောက်မိပြီး ဖျားနာသည့်အတွက် နွားသေးသောက်ပွဲတော်ကျင်းပသူ ဖမ်းဆီးခံရ

**နယူးဒေလီ မတ် ၁၉**

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရာတွင် အစွမ်းထက်သည်ဟုဆိုပြီး နွားသေးသောက်မိသဖြင့် ဖျားနာသည့်ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယအာဏာရပါတီမှ တက်ကြွလှုပ်ရှားသူတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့သတင်းများအရ သိရသည်။ အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရာ၌ အိမ်တွင်းဆေးဝါးဖြင့် ကုသမှုသည် အစွမ်းထက်သည်ဟုဆိုသည့် ကောလာဟလပြန့်ပွားမှုသည်လည်း မြင့်တက်လျက်ရှိသည်။

နွားသေးသောက်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည့်ဘာရာတီယာဂျာနာတာပါတီမှ တက်ကြွလှုပ်ရှားသူ နာရာယန်ချက်တာဂျီကို အနောက်ဘင်္ဂလားပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ အန်နူရှာမာက ပြောကြားလိုက်သည်။

နွားသေး သောက်ခဲ့သူသည် ယမန်နေ့က ဖျားနာခဲ့ပြီးနောက် ရဲတပ်ဖွဲ့က အဆိုပါအရေးနှင့်ပတ်သက်၍ နာရာယန်ချက်တာဂျီကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

နာရာယန်ချက်တာဂျီ ဖမ်းဆီးခံရခြင်းသည် တိုက်ဆိုင်မှုတစ်ခုဖြစ်ပွားခဲ့ခြင်းသာဖြစ်ကြောင်း အနောက်ဘင်္ဂလား ဘာရာတီယာဂျာနာတာပါတီခွဲမှ အကြီးအကဲဖြစ်သူ ဒီလစ်ဂို့စ်က ပြောကြားလိုက်သည်။ အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ လူတိုင်းသည် ၎င်းတို့ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိကြောင်း ဆက်လက်ပြောကြားသည်။

နွားသေးသောက်သူတစ်ဦးမှာ နွားသေး အတင်းသောက်ခိုင်းခြင်းခံရ မခံရနှင့်ပတ်သက်ပြီး မိမိတို့မသိရှိကြောင်း ချက်တာဂျီသည် နွားသေးသောက်ပွဲတော်ကို ကျင်းပပြီး သူ့ရဲ့အမြင်ကို ဖော်ပြခဲ့သည့်အတွက် ယခုလို အဖမ်းခံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဟိန္ဒူ ၁ ဒသမ ၃ ဘီလီယံနေထိုင်သည့် အိန္ဒိယနိုင်ငံတွင် နွားသေးသည် ရှားပါးပြီး နွားသေးသောက်ခြင်းသည် ပန်းနာရင်ကျပ် အသက်ရှူခက်တဲ့ရောဂါမှသည် ကင်ဆာ၊ ဆီးချိုအထိ ပျောက်ကင်းကြောင်း အယူရှိကြသည်။

**အေအက်ဖ်ပီ**

## ရောဂါကူးစက်မှုကြောင့် ကျောင်းများပိတ်ထားရမှုအပေါ် ကုလစိုးရိမ်

**ဂျီနီဗာ မတ် ၁၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်နေသည့်အတွက် ကမ္ဘာတစ်ဝန်း၌ကျောင်းများနှင့် တက္ကသိုလ်များသို့ မတက်ရောက်ရသည့် ကျောင်းသား ကျောင်းသူပေါင်း သန်း ၅၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက ဆိုထားသည်။

ယူနက်စကိုမှ ဖော်ပြသည့် အချက်အလက်များအရ နိုင်ငံပေါင်း ၅၆ နိုင်ငံတို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများပိတ်ထားရပြီး အခြားနိုင်ငံပေါင်း ၁၇ ခု တို့မှာ ဒေသအလိုက် ကျောင်းများပိတ်ထားကြောင်း သိရသည်။

ထိုသို့ ကျောင်းများပိတ်ထားရသည့်အတွက် ကမ္ဘာတစ်ဝန်း ကလေးငယ်များနှင့် လူငယ် ၅၁၆ သန်းအပေါ် သက်ရောက်မှုရှိလာသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က သတင်းထောက်များသို့ ပြောခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ရင်ဆိုင်ရန် စစ်ဘက်ဆေးရုံသင်္ဘောများ ချထားမည်ဖြစ်ကြောင်း သမ္မတထရမ့်ပြော

**ဝါရှင်တန် မတ် ၁၉**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ရင်ဆိုင်တိုက်ဖျက်ရန်အတွက် စစ်ဘက်ဆေးရုံသင်္ဘောများကို ချထားမည်ဖြစ်ကြောင်း သမ္မတထရမ့်က မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကနှင့်ကနေဒါတို့က မလိုလားအပ်ဘဲ ခရီးသွားနေသူများအတွက် နယ်စပ်ကိုပိတ်နေပြီဖြစ်ရာ နယူးယောက် အုပ်ချုပ်ရေးမှူး အန်ဒရူးကူအိုမိုက သမ္မတထရမ့်သည် နယူးယောက်မြို့ဆိပ်ကမ်း၌ အခန်းပေါင်း ၁၀၀၀ ခန့်ရှိသည့် ရေတပ်ဆေးရုံသင်္ဘောများကို စေလွှတ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် ၁၅၀ အထိရှိလာပြီး ရောဂါကူးစက်ခံရသူ ၉၃၀၀ အထိရှိလာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က ဖော်ပြခဲ့ချိန်တွင် သမ္မတထရမ့်က စစ်ဘက်ဆေးရုံသင်္ဘောများချထားရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု၏ နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုအနေဖြင့် ကမ္ဘာ့နံပါတ်တစ်အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်၌ စတော့ရှယ်ယာဈေးကွက်၌ အကြီးအကျယ်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၂၀ ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း သိရသည်။

အမေရိက၏ အကြီးစားကားကုမ္ပဏီကြီးသုံးခုဖြစ်သည့် General Motors၊ Fiat Chrysler နှင့် Ford ကားကုမ္ပဏီများက ယခုလကုန်တွင် မြောက်အမေရိကတစ်လျှောက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ရပ်နားထားတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

## နိုင်ငံတကာ သတင်းတိုထွာ

### ကိုရိုနာဗိုင်းရပ်စ်ကြောင့် နောက်ဆက်တွဲဂယက်ရိုက်ခတ်မှု ဩဂုတ်လအထိ ဆက်ဖြစ်နိုင်ဟု သမ္မတထရမ့်ပြော

**ဝါရှင်တန် မတ် ၁၉**

ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုများသည် ဩဂုတ်လအထိ ဆက်လက် ရှိနေနိုင်သေးကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အိမ်ဖြူတော်၌ သတင်းထောက်များနှင့် တွေ့ဆုံခဲ့မှုအတွင်း သမ္မတထရမ့်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ အမေရိကန်၏ စီးပွားရေးအကျဘက်သို့ ဦးတည်နေသလား မေးခွန်းကိုသတင်းထောက်တစ်ဦးက မေးမြန်းခဲ့ရာတွင် သမ္မတထရမ့်က ယင်းသို့ ဖြစ်ကောင်း ဖြစ်လာနိုင်ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် စီးပွားရေးကျဆင်းမှုနှင့် ပတ်သက်၍ စဉ်းစားနေခြင်းမဟုတ်ဘဲ ဗိုင်းရပ်စ်ကိစ္စကိုသာ စဉ်းစားနေခြင်းဖြစ်ကြောင်း တုံ့ပြန်ဖြေကြားခဲ့သည်။

သမ္မတထရမ့်၏ မှတ်ချက်ထွက်ပေါ်လာပြီးနောက်တွင် စတော့ရှယ်ယာဈေး ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာသည့်အတွက် ကမ္ဘောဒီးယားအစိုးရက ကမ္ဘောဒီးယား-ဗီယက်နမ်နယ်စပ်ကို ယာယီပိတ်ထား

**ဖနောင်ပင် မတ် ၁၉**

ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် ၃၇ ဦးအထိ မြင့်တက်လာခဲ့ရာ အစိုးရက ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နယ်စပ်ကို ပိတ်ထားရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်တားဆီးရန် အကြောင်းပြချက်ဖြင့် ကမ္ဘောဒီးယားနိုင်ငံက ဗီယက်နမ် အာဏာပိုင်များသို့ ခင်မင်ရင်းနှီးစွာဖြင့် မေတ္တာရပ်ခံလိုသည်မှာ ခရီးသွားလာမှုကို ကန့်သတ်ထားချိန်အတွင်း ဗီယက်နမ်နိုင်ငံသားများအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆီသို့ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းတို့ဖြင့် ခရီးသွားလာမှု မပြုလုပ်ကြရန်ဖြစ်ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပေးစာတွင် ဖော်ပြထားသည်။ ခရီးသွားလာမှုများအပေါ် ကန့်သတ်လိုက်သည့် ကမ္ဘောဒီးယား၏ စည်းကမ်းထုတ်ပြန်ချက်မှာ ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက်တွင် စတင် အသက်ဝင်ခဲ့သည်။ **ဆင်ဟွာ**

# လေကြောင်းလိုင်းတွေကို ယိုင်နဲ့လာစေတဲ့ ကိုရိုနာဗိုင်းရပ်စ်

**ခြူးစန္ဒီနွေး**

**ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုဟာ တောမီးလောင်သလို ပြန့်ပွားနေပြီး စီးပွားရေးလုပ်ငန်းတွေကိုလည်း ထိခိုက်လာပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ရတဲ့အထဲမှာ လေကြောင်းလိုင်းတွေက ရှေ့တန်းကနေ ပါဝင်ပါတယ်။**



ဒယ်တာလေကြောင်းလိုင်းမှ လေယာဉ်များ အမေရိကန်နိုင်ငံ မီဝါကီမစ်ချယ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရပ်နားထားသည်ကို တွေ့ရစဉ်။

**ဒေဝါလီခံရမယ့်အခြေအနေ**

ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုကြောင့် အမေရိကန်လေကြောင်းလိုင်းတွေ ထိခိုက်ခံစားရတာဟာ စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုအပြီး အမေရိကန်လေကြောင်းလိုင်းတွေ အထိနာခဲ့ရတာထက်ပိုပြီး ဆိုးရွားပါတယ်လို့ အမေရိကန်အရာရှိတွေက မတ် ၁၇ ရက်မှာ သတိပေးခဲ့ပါတယ်။ အီတလီနိုင်ငံက Alitalia လေကြောင်းလိုင်းဟာလည်း ဒေဝါလီခံရမယ့်အခြေအနေရှိနေပြီး ဆွီဒင်နဲ့ဒိန်းမတ်နိုင်ငံတို့တော့ Scandinavian လေကြောင်းလိုင်းကို ပြိုလဲမသွားစေရေး ထောက်ပံ့ပေးတဲ့အနေနဲ့ ယူရိုသန်း ၂၇၅ သန်းအကူအညီ ပေးခဲ့ပါတယ်။

**အစိုးရဆီက အကူအညီတောင်း**

အလားတူပါပဲ အမေရိကန်ပြည်ထောင်စုမှာလည်း လေကြောင်းလိုင်းတွေဟာ အစိုးရဆီကနေ အကူအညီ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံတောင်းဆိုခဲ့ပြီး အမေရိကန်လေကြောင်းလုပ်ငန်းတစ်ခုလုံးကို အကူအညီပေးဖို့ အိမ်ဖြူတော်က အမေရိကန်ဒေါ်လာ ၈၅၀ ဘီလီယံ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။ အခုဖြစ်ရပ်ဟာ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရတုန်းကထက် အခြေအနေအများကြီး ပိုဆိုးပါတယ်။ လေယာဉ်တွေဟာ ပြေးဆွဲခြင်း မပြုရတော့ဘဲ မြေပြင်မှာပဲ ရပ်နားထားရပါတယ်လို့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က ပြောပါတယ်။ အချို့သော လေကြောင်းလိုင်းတွေဆိုရင် သုံးလတာအတွင်းမှာ အရန်ထားတဲ့ ငွေကြေးတွေ ဆုံးရှုံးရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်လို့ လေကြောင်းလိုင်း အရာရှိတွေက ပြောပါတယ်။ ခရီးသည်တင် လေယာဉ် ၁၈၅၀၀၀ ကို မပြေးဆွဲရတော့ဘဲ ရပ်နားထားတဲ့အတွက် လေကြောင်းလုပ်ငန်းမှာ ထိခိုက်မှုတွေရှိလာလိမ့်မယ်လို့ လေကြောင်းလိုင်းတွေက သတိပေးခဲ့ပါတယ်။

**ခရီးစဉ်များ ဖျက်သိမ်း**

မေလကုန်ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ လေကြောင်းလိုင်းအများစုဟာ ဒေဝါလီခံရမယ့် အခြေအနေနဲ့ ရင်ဆိုင်နေရတယ်လို့ ဈေးကွက်ထောက်လှမ်းရေးကုမ္ပဏီ CAPA က ပြောပါတယ်။ တကယ်လို့ အခြေအနေတွေဟာ ဒီထက်ပိုဆိုးလာမယ်ဆိုရင် လေကြောင်းလိုင်းတွေ အားလုံး ပေါင်းစည်းရတော့မယ့်အခြေအနေကို မြင်နေရတယ်လို့ အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အစည်းမှ စီအီးအို အလက်ဇန်းဒရီဒီ ဂျူနစ်ကာက ပြောပါတယ်။ COVID– 19 ကူးစက်ရောဂါကြောင့် အီတလီလေကြောင်းလိုင်းဖြစ်တဲ့ Alitalia မပြိုလဲသွားစေရေး အီတလီအစိုးရက လက်လွှဲယူရမယ့် အခြေအနေတွေလည်း ရှိနေပါတယ်။ သန်းနဲ့ချီတဲ့ ခရီးသည်တွေဟာ သူတို့ခရီးထွက်ရမယ့် တိုင်းပြည်တွေက ပိတ်ဆို့ထားတာ ဒါမှမဟုတ် ဆိုက်ရောက်ပြီးနောက် ၁၄ ရက်သီးသန့်စောင့်ကြည့်မယ့် အခြေအနေတွေကြောင့် သူတို့ရဲ့ ခရီးစဉ်တွေကို ဖျက်သိမ်းလိုက်ရပါတယ်။

**ပြေးဆွဲမှုတွေရပ်နား**

ဒါကြောင့် မတ် ၁၇ ရက်ကစပြီး လေယာဉ်ပြေးဆွဲမှုတွေ ပိုမိုရပ်နားလာရပါတယ်။ ဘယ်လ်ဂျီယံအခြေစိုက် Brussels လေကြောင်းလိုင်းဟာလည်း မတ် ၁၇ ရက်စပြီး တစ်လခန့် လေယာဉ်ပြေးဆွဲမှုတွေကို ရပ်နားလိုက်ပါတယ်။ ဩစတြေးလျမှာတော့ Qantas လေကြောင်းလိုင်းဟာ မတ် ၁၇ ရက်ကစပြီး ပြေးဆွဲမှုတွေကို ၉၀ ရာခိုင်နှုန်း ရပ်နားထားလိုက်ပါတယ်။ ဩစတြေးလျအစိုးရကတော့ ကိုရိုနာဗိုင်းရပ်စ် မပြန့်ပွားစေရေးအတွက် ပြည်ပက ဝင်လာမယ့်သူတွေကို ၁၄ ရက်ကြာ သီးခြားထားဖို့ စီစဉ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကတည်းက ဒေဝါလီခံရမယ့် အခြေအနေနဲ့ မလူးသာ မလွန့်သာဖြစ်နေတဲ့ Alitalia လေကြောင်းလိုင်းကို အီတလီအစိုးရက လက်လွှဲယူသွားမယ့် အခြေအနေရှိပါတယ်။ အီတလီအစိုးရက လက်လွှဲယူခဲ့ရင်တောင် Alitalia လေကြောင်းလိုင်းက ဝန်ထမ်းပေါင်း ၄၀၀၀ ခန့်ဟာ အလုပ်ကနေရပ်နားရမယ့် အခြေအနေရှိပါတယ်။

**လုံလောက်တဲ့ငွေကြေးမရှိတော့**

ရုရှားမှာ ဖေဖော်ဝါရီလကစပြီး တရုတ်နိုင်ငံကို ပြေးဆွဲတဲ့ လေကြောင်းလိုင်းတွေ ပိတ်လိုက်ပြီးတဲ့နောက် လေကြောင်းလိုင်းတွေ အထိနာခဲ့တယ်လို့ ဗဟိုလေကြောင်းသယ်ယူပို့ဆောင်ရေးအေဂျင်စီဥက္ကဋ္ဌ အလက်ဇန်ဒါး နီရစ်ကိုက ပြောပါတယ်။ တရုတ်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာနေရာဖြစ်ပြီး အခုဆိုရင် လေကြောင်းလိုင်းတွေမှာ ဒေဝါလီခံရမယ့် အခြေအနေတွေနဲ့ ရင်ဆိုင်နေရကာ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ အစိုးရကလည်း လေကြောင်းလိုင်းတွေကို ဘယ်လိုအကူအညီပေးရမလဲဆိုတာကို ဆွေးနွေးနေပြီလို့ ကရင်မလင် နန်းတော်က ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့က ပြောပါတယ်။ အခုဆိုရင် ကမ္ဘာအနှံ့ကလေကြောင်းလိုင်းတွေဟာ လာမယ့်သုံးလတာအတွင်း လည်ပတ်ဖို့လုံလောက်တဲ့ ငွေကြေး မရှိဘူးလို့ သုတေသီတွေက ပြောပါတယ်။

**အစိုးရရဲ့ ထောက်ပံ့မှုလို**

တစ်ကမ္ဘာလုံးဆိုင်ရာနဲ့ ကြည့်မယ်ဆိုရင် မတ်လအစောပိုင်းခန့်မှန်းမှုအရ အမေရိကန်ဒေါ်လာ ၁၁၃ ဘီလီယံ ထိခိုက်လိမ့်မယ်လို့ စီးပွားရေးပညာရှင် ဘရိုင်ယန်ပီယာစီက ပြောပါတယ်။ လေကြောင်းလိုင်းတွေရဲ့ ၇၅ ရာခိုင်နှုန်းဟာ သုံးလအတွင်း သတ်မှတ်ထားတဲ့ ကုန်ကျစရိတ်တွေပေးဖို့ မလွယ်ကူနိုင်ဘူးလို့ သူက ဆက်ပြောပါတယ်။ ၂၀၀၈ ခုနှစ်တုန်းက ဘဏ်တွေ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရသလိုပဲ လေကြောင်းလိုင်းတွေမှာလည်း အစိုးရရဲ့ ထောက်ပံ့ပေးမှုတွေ လိုအပ်မယ်လို့ ပီယာစီက ပြောပါတယ်။ ချိတ်ဆက်ဆောင်ရွက်မှုဟာ အခုအချိန်မှာအလွန်ကို အရေးပါလာပါပြီ။

**လေဆိပ်တွေလည်း ဒုက္ခရောက်**

ကမ္ဘာကြီးဟာ ဒီအကျပ်အတည်းကနေ ရုန်းထွက်နိုင်ပါလိမ့်မယ်လို့ အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အစည်း အကြီးအကဲဖြစ်သူ အလက်ဇန်းဒရီဒီဂျူနစ်ကာက ပြောပါတယ်။ တကယ်လို့များ လေကြောင်းလိုင်းတွေအနေနဲ့ သက်သာချောင်ချိရေး ရန်ပုံငွေမရခဲ့ဘူးဆိုရင် ဆက်လက်ရှင်သန်ဖို့ဆိုတာ မတွေးဝံ့စရာပါပဲ။ ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုကြောင့် လေကြောင်းလိုင်းတွေ ဒုက္ခရောက်ရသလို လေဆိပ်တွေမှာလည်း အကျပ်ရိုက်ရတာပါပဲ။ အပြည်ပြည်ဆိုင်ရာ ဥရောပလေဆိပ်များကောင်စီ ACI က သူတို့ဟာ လုံးဝပြိုလဲတော့မယ့် အခြေအနေကို တောင့်ခံနေရတယ်လို့ ပြောပါတယ်။ ACI က ဥက္ကဋ္ဌဂျို့စ်လမ်မာကတော့ မတ် ၁၇ ရက်မှာပဲ ဥရောပသမဂ္ဂကို အစီရင်ခံစာရေးပြီး ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးဖို့ တောင်းခံခဲ့ပါတယ်။

**တရားမဝင်ရှယ်ယာဝယ်ယူ**

အမေရိကန်မှာလည်း ၂၀၀၈ ခုနှစ်တုန်းကလို အခွန်ထမ်းပြည်သူတွေရဲ့ရန်ပုံငွေနဲ့ လုပ်ငန်းတွေကို အကူအညီပေးရမယ့် အခြေအနေမျိုးနဲ့ တစ်ဖန်ကြုံလာပြန်ပါတယ်။ အမေရိကန်လေကြောင်းလိုင်းတွေဟာ အရင်နှစ်တွေတုန်းက အကျိုးအမြတ်ရရှိတဲ့ငွေတွေကို လေကြောင်းလိုင်းအရန် ရန်ပုံငွေ တည်ထောင်ရမယ့်အစား လေကြောင်းလိုင်းရဲ့ ရှယ်ယာဈေးတွေတက်ဖို့အရေး တရားမဝင်ရှယ်ယာတွေ ဝယ်ယူခဲ့တယ်လို့ ဝေဖန်ရေးသမားတွေက ပြောပါတယ်။ အမေရိကန်လေကြောင်းလိုင်းတွေဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ ၉၆ ရာခိုင်နှုန်းနီးပါး တရားမဝင်ဘဲ ရှယ်ယာတွေ ဝယ်ယူခဲ့တယ်လို့ ဘလွန်းဘာ့ဂ်ျဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။ ဘယ်လိုပဲပြောပြော ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုအောက်မှာ တစ်ကမ္ဘာလုံးက လေကြောင်းလိုင်းတွေ ယိုင်နဲ့လာတာကတော့ အမှန်ပါပဲ။ ။

**အေအက်ဖ်ပီ**

> “၂၀၁၇ ခုနှစ်ကတည်းက ဒေဝါလီခံရမယ့်အခြေအနေနဲ့ မလူးသာ မလွန့်သာဖြစ်နေတဲ့ Alitalia လေကြောင်းလိုင်းကို အီတလီအစိုးရက လက်လွှဲယူသွားမယ့် အခြေအနေရှိပါတယ်။ အီတလီအစိုးရက လက်လွှဲယူခဲ့ရင်တောင် Alitalia လေကြောင်းလိုင်းက ဝန်ထမ်းပေါင်း ၄၀၀၀ ခန့်ဟာ အလုပ်ကနေ ရပ်နားရမယ့် အခြေအနေရှိပါတယ်”



## မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး မတ် ၁၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ခမ္မိကတောရ စာသင်တိုက်တွင် လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က အဆိုပါကျောင်းတိုက် မုခ်ဦးရှေ့၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထရန်စဖော်မာသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထရန်စဖော်မာ လှူဒါန်းခြင်းနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၁၅၀၊ စေတနာရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၃၀ ဖြင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးကို လှူဒါန်းရခြင်းဖြစ်ကြောင်း။ သို့မှသာ ဆရာတော်၊ သံဃာတော်များ အနေဖြင့် ပရိယတ္တိ၊ ပရိပတ္တိစာပေများကို လေ့လာမှတ်သားနာယူနိုင်ကြပြီး ဝိနည်းကျင့်ဝတ်များနှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်တည်တံ့ပြန့်ပွားအောင် ပိုမိုလုပ်ဆောင်နိုင်ကြမည် ဖြစ်ကြောင်း လျှောက်ထားသည်။ **သန်းနိုင်ဦး(ငဖဲ)**



## ရွှေတောင်လျှပ်စစ်ဓာတ်အား အဆင့်တိုးမြှင့် ထုတ်လုပ်နိုင်ရေး ရှင်းလင်းဆွေးနွေး

**ပဲခူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ ရွှေတောင်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဂက်စ်စနစ်ဖြင့် ၇၀ မဂ္ဂါဝပ် တိုးမြှင့်ထုတ်လုပ်ရန် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ မတ် ၁၇ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများထံ MCM Power Co., Ltd. ကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းတင်ပြသည်။

Project Director ဦးတင်စိုးက ၎င်းတို့ကုမ္ပဏီနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဒါရိုက်တာ ဒေါ်ရီရီထွေးက ရွှေတောင်လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ၇၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု တစ်ခုအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်လုပ်ငန်းအဖြစ် လွှဲပြောင်းခြင်း၊ ခေတ်နောက်ကျသည့်စက်ပစ္စည်း နှင့် နည်းပညာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအခါ နိုင်ငံတော်မှ ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာများ အဆင့်ထိ လျှပ်စစ်မီးလင်းနိုင်စေရေး မဟာဗျူဟာ စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**တင်စိုး(ပဲခူး)**

## COVID– 19 နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း တနင်္သာရီတိုင်းဒေသကြီး၌ ပြုလုပ်

**ထားဝယ် မတ် ၁၉**

COVID– 19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေတင်ပြခြင်းအစည်းအဝေးကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က COVID– 19 ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်လူနာမရှိသေးသော်လည်း အချိန်မရွေး၊ နေရာမရွေး ကူးစက်လာနိုင်သဖြင့် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပထမဦးစားပေး အရေးပေါ်ကိစ္စရပ်အဖြစ် အထူးဂရုပြုအားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ COVID– 19 ရောဂါနှင့် ပတ်သက်၍ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးအတွက် သက်ဆိုင်ရာဌာနများက လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူစည်ကားရာနေရာများတွင် ပိုစတာများ စိုက်ထူခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်း အသံချဲ့စက်ဖြင့် နှိုးဆော်သတိပေးခြင်းနှင့် သံသယလူနာများ တွေ့ရှိပါက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်၍ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် သတင်းပို့ခြင်းများ လိုအပ်ကြောင်း၊ နယ်စပ်ဂိတ်များတွင် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ သေချာစွာဆောင်ရွက်လျက်ရှိပြီး တရားမဝင် ဝင်ပေါက်များကို ဌာနအချင်းချင်း ပူးပေါင်း၍ ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရန် တက်ရောက်လာသော သက်ဆိုင်ရာဌာနများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြစေလိုကြောင်းနှင့် သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များအတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်မှသာ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမင်းက COVID– 19 ရောဂါ၏ အဓိကလက္ခဏာများ၊ ကူးစက်ဖြစ်ပွားမှုများသော နိုင်ငံများ အခြေအနေ၊ ရောဂါကူးစက်ပုံ၊ ကမ္ဘာတစ်ဝန်းလုံးတွင် COVID– 19 ရောဂါဖြစ်ပွားမှု အခြေအနေများအကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာသူများက COVID– 19 ရောဂါနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး မတ် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကျင်းပသော ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀)ကို မတ် ၁၇ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြေယာကိစ္စတင်ပြ တိုင်ကြားမှုများအပေါ် ခရိုင်နှင့်မြို့နယ်ကော်မတီများအနေဖြင့် စိစစ်ဖြေရှင်းဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းတို့ကို ဗဟိုကော်မတီမှ ချမှတ်ထားသောမူဝါဒနှင့် လုပ်ငန်းစဉ် ၅၂ ချက်နှင့်အညီ စိစစ်ပြီးစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် ဗဟိုကော်မတီမှ သတ်မှတ်ထားသည့် အစီရင်ခံစာပုံစံအတိုင်း ခရိုင်၊ မြို့နယ်မြေစစ်များမှလည်း အချက်အလက်ပြည့်စုံစွာဖြင့် တင်ပြဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်အတွင်း မြေယာကိစ္စ အမှုတွဲလက်ကျန်များ အမြန်ပြီးပြတ်စေရေးနှင့်ခရိုင်၊ မြို့နယ်မြေစစ်ကော်မတီ အဆင့်ဆင့်အနေဖြင့် ကျန်ရှိသည့် ဗဟိုအမှု ၁၅၉ မှု၊ ပြည်နယ် တိုက်ရိုက်တိုင်ကြားစာအမှု ၂၁၈ မှုကို ၂၀၂၀ ပြည့်နှစ်အတွင်း ပြီးပြတ်အောင် အချိန်ကြန့်ကြာမှုမရှိစေဘဲ မူဝါဒ၊ လုပ်ငန်းစဉ် (၅၂) ချက်နှင့်အညီ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အမှုတစ်မှုချင်းအလိုက်ဗဟိုကော်မတီတိုင်ကြားသည့် အမှု ၂၆ မှု၊ ရှမ်းပြည်နယ်ကို တိုက်ရိုက်တိုင်ကြားသည့်စာ အမှု ၁၄ မှုတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသည့် ပြည်နယ်မြေ/စစ်ကော်မတီဝင်များနှင့် ခရိုင်မြေ/စစ်ကော်မတီဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးများက တင်ပြဆွေးနွေးခဲ့ပြီး အမှုများကို ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ်၍ သက်ဆိုင်ရာ မြေပိုင်ရှင်များအား ပေးအပ်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်( တောင်ကြီး)**

## နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့များ လျော့နည်းစေရန် ရေပက်ဖျန်း

**တာချီလိတ် မတ် ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မတ် ၁၆ ရက်က နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့များ လျော့နည်းစေရန် ရေများပက်ဖျန်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

တာချီလိတ်မြို့နယ်အတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များ ရောက်ရှိလာမှုကြောင့် လေထုညစ်ညမ်းမှုများနှင့်အတူ မမျှော်မှန်းနိုင်သော ကျန်းမာရေးဆိုးကျိုးများ တွေ့ကြုံခံစားလာနိုင်သည့်အတွက် ရေများပက်ဖျန်းခြင်းကို တစ်ရက်လျှင်နှစ်ကြိမ်နှုန်းဖြင့် လည်းကောင်း၊ ကျေးလက်ဒေသနေ တောင်သူများအား တောင်ယာမီးများ စည်းကမ်းမဲ့မရှို့စေရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးဟောပြောခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ တိုင်းတာချက်အရ လေထုညစ်ညမ်းမှုအညွှန်းကိန်း ၂၆၀ ခန့်သာရှိသည့်အတွက် လေထုထဲတွင် ကာဗွန်မိုနိုဆိုက်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် အနည်းငယ်သာပါဝင်၍ အောက်ဆီဂျင်ပါဝင်မှုနှုန်း မြင့်မားလျက်ရှိသည်။

ပြည်သူများ မီးခိုးငွေ့အန္တရာယ်နှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ ဝေဒနာများ မဖြစ်ပေါ်စေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းများ မပြုလုပ်ရန်၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများက တတ်နိုင်သမျှ နေအိမ်အတွင်း၌သာ နေထိုင်ကြရန်နှင့် မီးခိုးငွေ့ရှိသော ပတ်ဝန်းကျင်သို့ မဖြစ်မနေ သွားလာရပါက နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်အသုံးပြုကြရန်၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်းများ ဖြစ်ပေါ်လာပါက ရေများများသောက်ပေးရန် စသည့်ကျန်းမာရေးဆိုင်ရာ နည်းလမ်းကောင်းများ၊ အသိပေးနှိုးဆော်ချက်များကို တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ရန်ကုန်မြို့ သာခုကန်စက်မှုဇုန်မှ ပြည်တွင်းဖြစ် စွမ်းအင်သစ်ဘက်ထရီမော်တော်ကားများ စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်မှ လူငါးဦးလိုက်ပါစီးနင်းနိုင်သည့် ပြည်တွင်းဖြစ် KSD စွမ်းအင်သစ်ဘက်ထရီ မော်တော်ကားများကို စတင်ထုတ်လုပ်ရောင်းချလျက်ရှိသည်။

မြို့တွင်းသွားလာရန် KSDV1-NE1 နှင့် ခရီးဝေးသွားလာရန် KSDV1-NE2 တို့ကို ခိုင်ခိုင်ဆန်ဒါးအုပ်စု လီမိတက်မှ ၂၀၁၉ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလမှ စတင်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ခိုင်ခိုင်ဆန်ဒါး လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ ယူဂျင်ချန်းက "ဒီကားတွေက မြန်မာ တရုတ်ချစ်ကြည်ရေးအတွက် တရုတ်အစိုးရက ကူညီပေးတာပါ။ လျှပ်စစ်ကားတွေ သုံးခြင်းအားဖြင့် လေထုလည်းသန့်ရှင်းပြီး ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်" ဟု ပြောသည်။

ယင်းကားများတွင် လီသီယမ် ဘက်ထရီအမျိုးအစားကို အသုံးပြုထားပြီး ငါးနှစ်အာမခံပေးထားကြောင်း သိရသည်။ မြို့တွင်းသွားလာရေးအတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် NE1 မှာ ဘက်ထရီဓာတ်အား တစ်ခါသွင်းလျှင် ရှစ်နာရီကြာမြင့်ပြီး ခရီးအကွာအဝေး ၁၈၀-၂၀၀ ကီလိုမီတာ မောင်းနှင်နိုင်သည်။ တစ်နာရီလျှင် အမြန်နှုန်း ကီလိုမီတာ ၆၀ အထိ မောင်းနှင်နိုင်ပြီး ၂၀၀ စီစီ အရေးပေါ် အားသွင်းမီးစက်ပါဝင်သည်။ အရောင်အနေဖြင့် အဖြူရောင်တစ်မျိုးတည်းကိုသာ ထုတ်လုပ်ထားပြီး ရောင်းချရာတွင် စက်ရုံဈေးအနေဖြင့် ငွေကျပ် ၁၀၃ သိန်းဖြစ်သည်။

ခရီးဝေး သွားလာရန်အတွက် အဓိကထား ထုတ်လုပ်ထားသည့် NE2 မော်တော်ယာဉ်မှာ ဘက်ထရီတစ်ခါ အားသွင်းလျှင် ငါးနာရီကြာမြင့်ပြီး ကီလိုမီတာ ၁၀၀ မောင်းနှင်နိုင်ကာ ဘက်ထရီကို အားသွင်းမီးစက်ဖြင့် အားသွင်း၍ ဆက်လက်မောင်းနှင် နိုင်သည်။ အမြန်နှုန်းတစ်နာရီ ၈၀ ကီလိုမီတာအထိ မောင်းနှင်နိုင်ပြီး ၇၆၆ စီစီ အရေးပေါ် အားသွင်းမီးစက် ပါဝင်သည်။ ယာဉ်တစ်စီးလုံးအဖြူ ရောင်ဖြစ်သော်လည်း ကားရှေ့ပိုင်းသည် အနက်ရောင်ဖြစ်သည်။ ရောင်းချရာတွင် စက်ရုံဈေးငွေကျပ် ၁၁၆ သိန်းဖြစ်ပြီး ပြင်ပတွင် လက်ရှိငွေကျပ်သိန်း ၂၀၀ ကျော် ပေါက်ဈေးရှိသည်။ အဆိုပါ မော်တော်ယာဉ်နှစ်မျိုးအား အိမ်သုံး လျှပ်စစ်ဖြင့် အလွယ်တကူ ဓာတ်အားဖြည့်သွင်းနိုင်သည်။



သာခုကန်စက်မှုဇုန်ထုတ် ပြည်တွင်းဖြစ် စွမ်းအင်သစ်ဘက်ထရီ မော်တော်ကားအချို့ကို တွေ့ရစဉ်။

စက်ရုံအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ကုန်ကြမ်းရရှိမှုနည်းပါးကာ ယခုအခါ ကားအမျိုးအစား တစ်မျိုးလျှင် ယာဉ်အစီးရေ ၁၀၀ ခန့်သာ ထုတ်လုပ်ထားပြီး နောက်ပိုင်းတွင် တစ်လလျှင် ယာဉ်အစီးရေ ၅၀၀ ခန့်ထုတ်လုပ်ရန် လျာထားကြောင်း သိရသည်။ ထို့အပြင် ဆလွန်းကားသစ်များကိုလည်း ထပ်မံထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ - ထိန်လင်း**

## ဘုရားအမှတ် ၂၀၀၀ ဂူဘုရားရှိ နံရံဆေးရေးပန်းချီများ ကြံ့ခိုင်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်ဦး မတ် ၁၉**

ဘုရားအမှတ်(၂၀၀၀)ဂူဘုရားသည် ပုဂံမြို့ဟောင်း၏ အရှေ့မြောက်ဘက်တောင်ဘီ လယ်ယားကျေးရွာတွင် တည်ရှိပြီး ယမန်နေ့က ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ထိန်းသိမ်းရေးဌာန ဓာတုဗေဒဌာနစိတ်မှ ဝန်ထမ်းများက ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါ ဂူဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ကာ အေဒီ (၁၃)ရာစုခေတ်လက်ရာဟု ခန့်မှန်းရပြီး အပြင်ပန်းတွင် အင်္ဂတေပန်းလက်ရာများဖြင့် တန်ဆာဆင် ထားခဲ့သော်လည်း ၁၉၇၅ ခုနှစ်က မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရပြီး အတွင်းပိုင်းတွင် နံရံဆေးရေးပန်းချီများဖြင့် တန်ဆာဆင်ထားပြီး တိုက်မအနောက်ဘက်ခြမ်း ဗုဒ္ဓဆင်းတုတော်၏ အနောက်တွင် ဗောဓိပင်နှင့်ကိန္နရီ၊ ကိန္နရာရုပ်ပုံများ ရေးဆွဲထားပြီး အခြားသော နံရံအပေါ်ပိုင်းများတွင် ပန်းဆွဲများ၊ တိုင်ထောင့်ပန်းများ၊ ပန်းဝိုင်းများအတွင်း နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များဖြင့် ရေးဆွဲ တန်ဆာဆင်ထားရှိသည်။ တိုက်မနှင့် အာရုံခံဆောင် အကူးမုခ်တွင် ဗုဒ္ဓခြေတော်ရာများ ရေးဆွဲထားပြီး မျက်နှာကြက်တွင် ဗုဒ္ဓရုပ်ပွားတော်အသေးများဖြင့် တန်ဆာဆင်ရေးဆွဲထားပြီး အတွင်းပိုင်းပလာစတာမှာ မြေပလာစတာ အမျိုးအစား ဖြစ်ကြောင်း အမျိုးသားပြတိုက်နှင့် ရှေးဟောင်းသုတေသန ပုဂံဌာနခွဲမှ သိရသည်။

၁၉၇၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင်လှုပ်ခဲ့သော မြေငလျင်ဒဏ်များကြောင့် အဆောက်အအုံတိုက်မ၏ တောင်ခြမ်းပိုင်းတွင် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံဆိုင်ရာဘေးမှ ထောက်ပင့်ပံ့ပိုးခြင်းများနှင့် အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိခဲ့ကြောင်း ထိန်းသိမ်းရေးဌာနစု ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ရှင်းပြသည်။ **မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီတွင် ကျေးရွာ ၅၁ ရွာအတွက် သောက်သုံးရေများ ဖြန့်ဝေပေးရန် စီစဉ်ထားရှိ

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် ရေရှားပါးပြတ်လပ်မှုကြုံတွေ့နိုင်သည့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ ကျေးရွာပေါင်း ၅၁ ရွာအတွက် ငွေကျပ် ၂၄ သန်းခန့် သုံးစွဲ၍ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

အဆိုပါဌာနမှ နွေရာသီကာလအတွင်း၌ ရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများ၏ စာရင်းကို သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးအဖွဲ့များ၊ NGO ၊ INGO အဖွဲ့များနှင့် ချိတ်ဆက်ကာ ခန့်မှန်းကောက်ယူ၍ ကြိုတင်ပြင်ထားခြင်းဖြစ်ပြီး ရေဖြန့်ဝေပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် နွေရာသီကာလတွင် ခန့်မှန်းကောက်ယူထားသည့် ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နိုင်မည့် မြို့နယ် ၁၃ မြို့နယ်မှာ စဉ့်ကူး၊ ကျောက်ဆည်၊ တံတားဦး၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ မိတ္ထီလာ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၀/၆၁၀ | ကျပ် | ၅၉၀/၆၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၀/၆၂၅ | ကျပ် | ၆၀၅/၆၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၀/၅၄၀ | ကျပ် | ၅၅၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၆၅ | ကျပ် | ၆၈၅/၇၁၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၂ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၅၄ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၅ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၁၉ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၁၀၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၁၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၉၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၄၁၇၂ | ၄၃၈၁၅၅၀၀ |
| MTSH | ၃၆၅၀ | ၃၈၀၀ | ၉၂၈၄ | ၃၄၀၁၅၄၅၀ |
| MCB | ၈၂၀၀ | ၈၃၀၀ | ၄၃၄ | ၃၅၅၉၁၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၄၁ | ၃၀၄၆၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀ | ၂၈၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# မိုးညှင်းခရိုင်ဆေးရုံတွင် COVID – 19 အတွက် သီးသန့်လူနာခန်းအပါအဝင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထား

**မိုးညှင်း မတ် ၁၉**
တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် Coronavirus Disease 2019(COVID–19)ရောဂါသည် ယခုအခါတွင် ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် ကူးစက်ဖြစ်ပွားနေသဖြင့် ရောဂါဖြစ်ပွားမှုမရှိသေးသည့် မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မိုးညှင်းခရိုင်ရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံတွင်လည်း အဆိုပါရောဂါ ထောက်လှမ်းရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် သီးသန့်လူနာခန်းအပါအဝင် ဆေးရုံသုံးပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရှိကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်က မတ် ၁၅ ရက်တွင် ပြောကြားသည်။

"ကျွန်တော်တို့ပြည်သူ့ဆေးရုံအနေနဲ့ ရောဂါထောက်လှမ်းရေးနဲ့ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီစဉ်မှုအနေနဲ့ သီးသန့်လူနာခန်း ဖွင့်လှစ်ထားပါတယ်၊ ရောဂါသံသယရှိတဲ့လူနာတွေကို သီးသန့်ထားဖို့ ပြင်ဆင်ထားတယ်၊ ဒီထဲမှာ ဒီရောဂါနဲ့ပတ်သက်ပြီး ဆောင်ရွက်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေ အကုန်ရှိတယ်၊ ဒီပစ္စည်းတွေကိုလည်း သီးသန့်ထားပါတယ်"ဟု ခရိုင်ဆေးရုံအုပ်ကြီးက ဆေးရုံတွင် သီးသန့်လူနာခန်းထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါသီးသန့်လူနာခန်းတွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအင်အား ကြိုတင်ပြင်ဆင်ထားရှိမှုနှင့်ပတ်သက်၍လည်း "ဝန်ထမ်းတွေကို ၁၅ ရက် တစ်ဆိုင်းနှုန်းနဲ့ ခြောက်လစာအထိ ဝန်ထမ်းတွေကို တာဝန်ချထားပြီးပြီ၊ အကယ်၍ ရောဂါတအားပြင်းထန်မယ်ဆိုရင် မြစ်ကြီးနားဆေးရုံကိုပို့ဖို့ လူနာတင်ယာဉ်တွေလည်း စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ဆေးရုံအုပ်ကြီးက ဆက်ပြောသည်။

မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ဆေးရုံတွင် လက်ရှိ အချိန်အထိ အဆိုပါရောဂါနှင့်ပတ်သက်၍ သံသယလူနာ တစ်ဦးတစ်ယောက်မှ မရှိသေးကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နေသည့် သတင်းနှင့် လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာချက်များကို လိုက်နာဆောင်ရွက်ရန်သာ လိုအပ်ကြောင်းလည်း ခရိုင်ဆေးရုံအုပ်ကြီးက ပြောကြားသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**



မိုးညှင်းခရိုင်ဆေးရုံ၌ ဖွင့်လှစ်ထားသော သီးသန့်လူနာဆောင်

## ပူတာအိုမြို့၌ ဖွင့်လှစ်မည့် နွေရာသီ အခမဲ့အားကစားသင်တန်းကို ရက်အကန့်အသတ်မရှိ ရပ်ဆိုင်း

**ပူတာအို မတ် ၁၉**
အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့တွင် ကျောင်းသူ ကျောင်းသားများနှင့် အားကစားဝါသနာရှင်လူငယ်မောင်မယ်များအတွက် ဖွင့်လှစ်မည့် နွေရာသီအခမဲ့ အားကစားသင်တန်းကို ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းမည်ဖြစ်သည်။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ အားကစားလှုပ်ရှားခြင်းဖြင့် လူငယ်များ၏ ကာယ၊ ဉာဏပိုင်း ဖွံ့ဖြိုးတိုးတက်လာရန်နှင့် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နွေရာသီကျောင်းပိတ်ရက်များတွင် ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ ပြေးခုန်ပစ်အားကစားနည်း၊ ကရာတေးအားကစားနည်း၊ အေရိုးဗစ်အားကစားနည်းနှင့် ဘောလုံးအားကစားနည်း သင်တန်းလေးမျိုးကို မတ် ၁၆ ရက်မှ ၃၁ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားရန် ပူတာအိုခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်သည့်အနေဖြင့် သင်တန်းဖွင့်လှစ်မှုကို ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ပူတာအိုမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်အားတာဒွေ့က ပြောကြားသည်။

**ဖုန်ကန်(ပူတာအို)**

## မြောက်ဥက္ကလာပမြို့နယ်နှင့် ထိစပ်နေသော ငမိုးရိပ်ချောင်းဘေးတစ်လျှောက် ကမ်းပြိုမှုကာကွယ်ရေးအတွက် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြောက်ဥက္ကလာပ မတ် ၁၉**
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်နှင့် ထိစပ်နေသော ငမိုးရိပ်ချောင်းဘေးတစ်လျှောက် ကမ်းထိန်းပြုလုပ်ခြင်းလုပ်ငန်းများကို မတ် ၁၇ ရက်က ဆက်လက်ဆောင်ရွက်ခဲ့သည်။


ကမ်းပြိုမှု ဖြစ်လေ့ရှိသည့်နေရာတစ်ခု၌ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေစဉ်။

အဆိုပါ ရပ်ကွက်သည် နှစ်စဉ်မိုးရာသီ ကာလတွင် ချောင်းရေများတိုက်စားမှုကြောင့် မကြာခဏ ကမ်းပြိုခြင်းများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသဖြင့် ယခုနှစ်တွင် ကမ်းပြိုခြင်းအန္တရာယ်မှကာကွယ်ရန် ကမ်းထိန်းလုပ်ငန်းများကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၄၅၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ လုပ်ငန်းကာလ ငါးလကျော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်နေသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများမှာ (င)ရပ်ကွက်ရှိ ဝဇီယာရေထိန်းတံခါးထိပ်နှင့် သန္တာရေထိန်းတံခါးထိပ်ကြားတွင် အလျားပေ ၁၆၂၀၊ နွယ်နီရေထိန်းတံခါးထိပ်တွင် အလျားပေ ၃၀၀ တို့ဖြစ်ပြီး အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း (င)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အောင်ထံမှ သိရသည်။

**မြမြဝင်း(ပြန်/ဆက်)**

## မန္တလေးမြို့တွင် ဖွင့်လှစ်မည့် အခြေခံပညာအဆင့် Grade-4 နှင့် Grade-7 သင်ရိုးသစ်သင်တန်းများကို ခေတ္တရပ်ဆိုင်း

**မန္တလေး မတ် ၁၉**
မန္တလေးမြို့တွင် မတ်လနှင့် ဧပြီလအတွင်း ဖွင့်လှစ်မည့် အခြေခံပညာအဆင့် Grade–4 နှင့် Grade–7 သင်ရိုးသစ်သင်တန်းများကို COVID–19 ရောဂါကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနမှ ၂၀၂၀–၂၀၂၁ ပညာသင်နှစ်တွင် ပြောင်းလဲသင်ကြားမည့် အခြေခံပညာအဆင့် Grade–4 , Grade–7 နှင့် Grade–10 သင်ရိုးသစ်သင်တန်းများကို မတ်လနှင့် ဧပြီလအတွင်း၌ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှစ၍ ဖွင့်လှစ်ပို့ချရန် မူလက သတ်မှတ်ထုတ်ပြန်ထားသော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ဖြစ်ပွားနေသည့် COVID–19 ရောဂါအား ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာချက်အပေါ် လိုက်နာဆောင်ရွက်နိုင်ရန် သင်တန်းများအားလုံးကို ခေတ္တရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

''ကျွန်တော်တို့ မန္တလေးမြို့မှာ မေ ၂၃ ရက်က စပြီး တိုင်းဒေသကြီးအဆင့် ဖွင့်လှစ်မယ့် Grade–4 သင်ရိုးသစ် သင်တန်းနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဖွင့်လှစ်မယ့် Grade–7 သင်ရိုးသစ်သင်တန်းတွေကို မူလသတ်မှတ်ရက်တွေမှာ မဖွင့်ဘဲ ခေတ္တရပ်ဆိုင်းဖို့ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)က မတ် ၁၆ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်လိုက်ပါတယ်။ သင်တန်းတွေပြန်ပြီးဖွင့်လှစ်မယ့်ရက်ကိုလည်း အခြေအနေပေါ်မူတည်ပြီး ထပ်မံအကြောင်းကြားသွားမှာဖြစ်ပါတယ်'' ဟု ၎င်းက ပြောသည်။

အဆိုပါသင်တန်းများတွင် မူလက Grade–4 သင်တန်းကို မတ် ၂၃ ရက်မှ ဧပြီ ၈ ရက်အထိဖွင့်လှစ်ရန် လျာထားခဲ့ပြီး အဆိုပါသင်တန်းသို့ ၂၈ မြို့နယ်မှ သင်တန်းသား ဆရာ၊ ဆရာမပေါင်း ၂၆၀ နှင့် နည်းပြ ၂၈ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း၊ Grade–7 သင်တန်းကို ဧပြီ ၂၁ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်ရန်လျာထားခဲ့ပြီး တစ်နိုင်ငံလုံးမှ သင်တန်းသား ဆရာ ဆရာမပေါင်း ၆၀၀၀ နှင့် နည်းပြ ၃၀၀ တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ရန်ကုန်မြို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Grade–10 သင်တန်းကို ဧပြီ ၂၁ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်ရန် လျာထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


## ပွင့်ဖြူမြို့နယ် ကန်ရွာကျေးရွာ၌ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ မတ် ၁၉**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကန်ရွာကျေးရွာရှိ ဒေသခံပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလှဌေးမောင်နှင့် ဝန်ထမ်းများက အဆိုပါကျေးရွာသို့ မတ် ၁၇ ရက်တွင် ကွင်းဆင်းသွားရောက် ဆောင်ရွက်သည်။

ကန်ရွာကျေးရွာသည် အိမ်ခြေ ၆၀ ခန့်နှင့် လူဦးရေ ၂၇၉ ဦးရှိပြီး သောက်သုံးရေအတွက် မြေသားမိုးရေစုကန်ကို အဓိကအားထားနေရသဖြင့် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ဌာနအစီအစဉ်ဖြင့် ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ စက်ရေတွင်းကို ပြုပြင်၍ သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့သလို ကျေးရွာနေပြည်သူများအနေဖြင့် သောက်သုံးရေများ ခပ်ယူသုံးစွဲရာတွင် ရေလေလွင့်ဆုံးရှုံးမှုများမဖြစ်အောင် စနစ်တကျ ခပ်ယူသုံးစွဲရေးနှင့် သောက်သုံးရေရရှိနိုင်သည့် သဘာဝရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာများကိုလည်း မြို့နယ်ဦးစီးမှူးက ပြည်သူများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကန်ရွာကျေးရွာရှိ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် လေးလက်မ စက်ရေတွင်းတစ်တွင်းကိုလည်း ယခု ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တူးဖော်ပေးနေကြောင်းနှင့် လက်ရှိအချိန်တွင် စက်ရေတွင်းတူးဖော်မှုမှာ ၂၀ ရာခိုင်နှုန်းခန့် တူးဖော်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## ဆီဆိုင်မြို့နယ် ဖာလိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်း

**ဆီဆိုင် မတ် ၁၉**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဖာလိုင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် သောက်သုံးရေများ လိုအပ်နေသဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က ရေများသွားရောက်လှူဒါန်းခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဂါလန် ၈၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ဖာလိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ရေလိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# စေတနာအတွေးများဖြင့် ရာစုနှစ်မြန်မာ့ရုပ်ရှင်

## ဒေါက်တာမြတ်မိုး

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းတရားများစွာတွင် ယဉ်ကျေးမှုလက္ခဏာတစ်ရပ်လည်း အပါအဝင်ဖြစ်ပါသည်။ ယဉ်ကျေးမှုတွင် လူသားတို့ကိုယ်တိုင်ဖန်တီးယူသော အနုပညာအစိတ်အပိုင်းတစ်ခုဖြစ်သည့် ရုပ်ရှင်ပညာရပ်လည်း အပါအဝင်ဖြစ်ပါသည်။ ရုပ်ရှင်အနုပညာဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံအတွက် အားတစ်ရပ်လည်းဖြစ်သည်ဆိုလျှင် ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ရုပ်ရှင်ထုတ်လုပ်သူရော၊ အတတ်ပညာရှင်များသာမက သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည် အရေးကြီးလှပါသည်။**

### ငြိမ်းချမ်းရေးအတွက် Soft Power တစ်ခု

အနုပညာတစ်ရပ်ကပေးလိုက်သော အကြောင်းအရာသည် တိုင်းပြည်၏ယဉ်ကျေးမှုကို ပြသရာရောက်သလို တိုးတက်သောရုပ်ရှင်ပညာက ချပြလိုက်သော အကြောင်းအရာအချက်အလက်များသည် နိုင်ငံသားတို့၏ အတွေးအခေါ်ကို ပြောင်းလဲစေနိုင်ပါသည်။ ရုပ်ရှင်သည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Soft Power တစ်ခုဖြစ်သည်ဟု တင်စား၍ ရသည်။ နိုင်ငံ၏အမျိုးဂုဏ်တက်လာစေရန် ထုတ်လုပ်သူ ပညာရှင်နှင့် သရုပ်ဆောင်များက များစွာပံ့ပိုးပေးနိုင်သကဲ့သို့ နိုင်ငံသားတို့၏ ကိုယ်ကျင့်တရားသိက္ခာများ မြင့်မားလာစေရေးအတွက်လည်း များစွာကူညီမှုပြုနိုင်ပါသည်။ နိုင်ငံခြားခရီးသွားများအား ဆွဲဆောင်ရာ Tourist Attraction တစ်ခုအတွက် ရုပ်ရှင်သည် ပြတင်းတံခါးပေါက်တစ်ခုလည်း ဖြစ်ပါသည်။ ခေတ်စနစ်နှင့်အတူ နိုင်ငံသားများ၏ Mindset များ ပြုပြင်ပြောင်းလဲရန်အတွက် နိုင်ငံနှင့် လူမျိုးကိုချစ်စိတ်၊ ကိုယ့်ပြည်သူပြည်သားများကို တန်ဖိုးထားလေးစားသော စိတ်ရင်းစေတနာကောင်းများဖြင့် ကြိုးစားအားထုတ် ဖန်တီးထားသော အရည်အသွေး ဇာတ်ကားကောင်းများစွာ ပိုမိုပေါ်ထွက်လာရန် ယနေ့ခေတ်က တောင်းဆိုနေပါသည်။

### ဆန်းသစ်ဖန်တီးမှုများဖြင့် ဖြေရှင်းဖြည့်ဆည်းပေးရန်

ယခုနှစ်သည် ရုပ်ရှင်နှစ် (၁၀၀) သက်တမ်းပြည့်မြောက်သည့်နှစ်လည်းဖြစ်၍ ရုပ်ရှင်အပေါ် ပြည်သူတို့၏ မျှော်လင့်ချက်နှင့် စိတ်ဝင်စားမှု မြင့်မားနေသည့် ကာလတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ ရုပ်ရှင်ဖန်တီးသူများနှင့် အားပေးနှစ်သက်သူများ၏ခံစားမှုသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို တိုက်ရိုက်ဆက်စပ်မှုရှိသည်။ ယခု ရုပ်ရှင်ရေစီးကြောင်းသည် ရိုက်ကူးတင်ဆက်ပြသမှု၊ ဇာတ်လမ်းဇာတ်ညွှန်းပိုင်း၌ အသစ်တစ်ဖန်ဆန်းသစ်မှုများဖြင့် ကောင်းမွန်သောတိုးတက်မှုအချို့ကို တွေ့ရှိနေရသည်။ အနုပညာမျိုးဆက်သစ်များကို အသိအမှတ်ပြုလာမှုနှင့်အတူ မျိုးဆက်အသစ်နှင့် အဟောင်းများအကြား အပြန်အလှန်လေးစားရိုသေမှု၊ ညှိနှိုင်းမှုများနှင့် ကူညီမျှဝေမှုများက မြန်မာ့ရုပ်ရှင်လောကကို အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာနိုင်မည်ဟု ယူဆပါသည်။ ယနေ့ခေတ် မြန်မာ့ရုပ်ရှင်လောကသားတို့ တီထွင်ဆန်းသစ်နေသည့် ရေစီးကြောင်းကား ရေဆန်ကို လှော်ခတ်နေရသလို အခက်အခဲများ၊ စိန်ခေါ်မှုများစွာနှင့် ခေတ်၏တောင်းဆိုမှုများစွာကို ရင်ဆိုင်ဖြေရှင်း ဖြည့်ဆည်းပေးရမည့် တာဝန်များလည်း ရှိနေပါသည်။

ဖန်တီးသူများဘက်က တိုးတက်သည်ထက် တိုးတက်အောင် အားထုတ်ကြိုးပမ်းနေကြသလို ပရိသတ်များဘက်ကလည်း မိမိတို့ပေးလိုက်ရသည့်အချိန်နှင့် ငွေကြေးအတွက် တန်ရာတန်ကြေးကို ပြန်လည်ရယူလိုကြသည်။ စိတ်ဖိစီးမှုများနှင့် စိတ်အေးချမ်းသာရရှိရန်အတွက် မိသားစု၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အတူ ငွေနှင့်အချိန်ပေးလိုက်ရသည့် စားသုံးသူပရိသတ်အပေါ် အပူမီးများ၊ သောကများ၊ အမုန်းတရားများ မပေးဆပ်မိဖို့ သတိပြုရန်လိုပါသည်။ ယနေ့ခေတ် မြန်မာ့ရုပ်ရှင် ခံစားသူများသည် အနုပညာရသကို အလွယ်တကူ ခံစားတတ်ကြရုံသာမက အသိတရားတိုးပွားလိုမှု၊ ဗဟုသုတပွားများလိုမှု၊ ဖိစီးမှုများ ဖြေလျှော့လိုမှု စသည့်ရည်ရွယ်ချက်များဖြင့်လည်း ရုပ်ရှင်ရုံသို့ လာရောက်ကြသူများဖြစ်ကြပါသည်။

### ယဉ်ကျေးမှုအမှတ်လက္ခဏာများ ကူညီထိန်းသိမ်းပေးရန်လိုအပ်

ယနေ့ ၂၁ ရာစုခေတ်တွင် ကမ္ဘာအနှံ့ ယဉ်ကျေးမှုများသည် ဟိုမှဒီသို့ အချိန်တိုအတွင်း အလွယ်တကူစီးဆင်းမှုများဖြင့် ပျံ့နှံ့ရောယှက်လျက်ရှိနေသည်မှာ သိသာပါသည်။ မိမိတို့က ကိုယ်ခံအားမကောင်းလျှင် ရေများရေနိုင်၊ မီးများ မီးနိုင်ဆိုသလို မိမိတို့၏ ယဉ်ကျေးမှုအမှတ်လက္ခဏာများ ပျောက်ကွယ်သွားနိုင်ပါသည်။ ကမ္ဘာမှုပြုသည်ကို အကြောင်းပြု၍ နည်းပညာပေါက်ကွဲမှုဖြင့် စီးဝင်လာသော အပျက်သဘောယဉ်ကျေးမှုများကို မိမိတို့၏ အစဉ်အလာကောင်းများဖြင့် တိုးတက်နေသော ယဉ်ကျေးမှုကသာ တောင့်ခံနိုင်လိမ့်မည်ဖြစ်ပါသည်။ ထိုအရာကို တုံ့ပြန်ရင်ဆိုင်ရန် သုံးစွဲမှုများသော ရုပ်ရှင်ဆိုသော အနုပညာကိုသာ အားကိုးအားထား ပြုရပေမည်။ မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသော သမိုင်းဝင်အမွေအနှစ်များကို ဖော်ထုတ်သည့် ဇာတ်ဝင်ခန်းများ ပြုပြင်ဖန်တီးပါဝင်စေခြင်းဖြင့် ယဉ်ကျေးမှုနှင့် ဆန့်ကျင်သောအမြင်များကို တွန်းလှန်ဖယ်ရှားနိုင်ပါလိမ့်မည်။ ထိုအရေးကို မိမိတို့၏ ပခုံးပေါ်သို့ ကျရောက်လာသည့် သမိုင်းပေးတာဝန်တစ်ရပ် သဖွယ် အမြော်အမြင် အသိပညာပြည့်ဝစွာဖြင့် ထမ်းရွက်ပါက နိုင်ငံအတွက် အင်အားတစ်ရပ် ဖြစ်ပါလိမ့်မည်။

> **“ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်သည် ထင်ရှားကျော်ကြားသော ဇာတ်ကားကောင်းအချို့နှင့်အတူ မှတ်တမ်းကောင်းများစွာကိုလည်း ပိုင်ဆိုင်ခဲ့ဖူးပါသည်။ မြန်မာ့ရုပ်ရှင်ကို ဖလင်ခေတ်မှ ဒစ်ဂျစ်တယ်ခေတ် တစ်ခေတ်ဆန်းချိန် ဆင်ဆာဖြေလျှော့ပေးမှု အရွေ့တစ်ခုတွင် အနုပညာရှင်အချို့၏ အားထုတ်ဖန်တီးမှုများသည် ခေတ်၏တောင်းဆိုမှုနှင့်အတူ ပရိသတ်ကို ဆွဲဆောင်ရန် အရှိန်ယူနေကြပြီဖြစ်”**

### မျိုးဆက်သစ်လူငယ်ထုအတွက် ပစ်မှတ်ထားသင့်

ပြောင်းလဲမှုများစွာနှင့်အတူ ခေတ်မီဖွံ့ဖြိုး ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်တစ်ရပ်ဆီသို့ ချီတက်နေချိန်တွင် အလွှမ်းမိုးဆုံးသော ဖျော်ဖြေရေးကဏ္ဍတစ်ခုဖြစ်သည့် ရုပ်ရှင်အနုပညာ၏ တန်ဖိုးသည် အလွန်အရေးပါလှသည်။ မြန်မာလူမျိုးများ၏ ယဉ်ကျေးသိမ်မွေ့မှု၊ လေးစားဖွယ်ရာကောင်းသော မြန်မာတိုင်းရင်းသားများနှင့် သဘာဝအလှအပများကို ဖော်ကျူးပြီး မြန်မာတို့၏ ကြီးမားသော မျှော်လင့်ချက်နှင့်ဖွံ့ဖြိုးတိုးတက်လိုစိတ်များ၊ ကြိုးစားအားထုတ်မှုများကိုသာ မြန်မာ့ရုပ်ရှင်က ဖွင့်ပြနိုင်စွမ်းရှိလျှင် ကမ္ဘာကလည်း မြန်မာအပေါ် အလွန်ကို လေးစားလာကြမည်သာဖြစ်ပါသည်။ မြန်မာလူမျိုးများသည် ယဉ်ကျေးသိမ်မွေ့သူများ၊ စည်းကမ်းရှိသူများ၊ နိုင်ငံကြီးသား ဗီသသူများအဖြစ် ဇာတ်လမ်းများတွင် ပြုပြင်ပြောင်းလဲမှုအသွင်အပြင်များကို ဖန်တီးထုဆစ်နိုင်လျှင် နိုင်ငံ၏ပုံရိပ်ကို ကမ္ဘာ့အလယ်တွင်ချပြသကဲ့သို့ ဖြစ်မည်မှာ သေချာပါသည်။ မြန်မာ့ရုပ်ရှင်ကို အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်ထုအပေါ် ပစ်မှတ်ထားသင့်ပါသည်။ စိတ်ခွတ်ကြွခိုင်မှုကို ဆိုးကျိုးဖြစ်စေသော အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်း သုံးစွဲမှုများပါသော ဇာတ်ဝင်ခန်းများကို အထူးဂရုပြု ဆင်ခြင်ပြုပြင်သင့်ပါသည်။ ဒုစရိုက်နှင့် အနိဋ္ဌာရုံများ၏ အဓိကတရားခံဖြစ်သော မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ယနေ့လူငယ်များ သိမြင်ရှောင်ကြဉ်နိုင်မည့် နိုင်ငံတော်၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အထောက်အကူပြုသော ပညာပေးဇာတ်လမ်းများစွာကို ရသကောင်းများဖြင့် ဖန်တီးသင့်ပါသည်။

### နမူနာကောင်းများဖြင့် စံပြုထိုက်သော ဇာတ်ဝင်ခန်းများ ဖန်တီးရန်

ရန်လိုမှု၊ ပဋိပက္ခနှင့် အမုန်းတရားများဖြင့် ကျင်လည်နေကြရသော လူမှုဝန်းကျင်တွင် မေတ္တာတရား ထွန်းကားသော လူတော်လူကောင်းများ ပိုမိုတိုးပွားလာရန်အတွက် ရုပ်ရှင်အနုပညာသည်သာ ပိုမိုအားကိုးဖွယ်ရာ ဖြစ်ပေမည်။ သားသမီးနှင့် မိဘပြောဆိုဆက်ဆံသော ဇာတ်ဝင်ခန်းများတွင် စိတ်ခံစားမှုအပေါ် မူတည်၍ အမှုမဲ့အမှတ်မဲ့ သရုပ်ဆောင်မှု ဇာတ်ကွက်များနေရာတွင် စံပြုထိုက်သော မိဘဝတ်၊ သားသမီးဝတ္တရားများကို သိတတ်သော မိဘနှင့် သားသမီးဆက်ဆံရေး ဇာတ်ဝင်ခန်းများ အစားထိုးခြင်းဖြင့် ယနေ့ခေတ်လူငယ်၊ လူရွယ်များအတွက် နမူနာကောင်းများပေးသင့်ပါသည်။

လာဘ်စားမှု၊ အကျင့်ပျက် ခြစားမှုနှင့်အတူ အဂတိတရားများမှ ရုန်းထွက်နိုင်မည့် ဇာတ်ကားကောင်းများ ဖန်တီး၍ မကောင်းမှုကို ရွံရှာစက်ဆုပ်သည့် ပတ်ဝန်းကျင်သစ်များကို ပုံဖော်ပေးနိုင်မည့် ပညာပေးရသဇာတ်ကားကောင်းများစွာ ပေါ်ထွက်သင့်ပါသည်။ တတ်သိလိမ္မာ၊ ပညာတော်သော လူငယ် လူရွယ်များစွာ ပေါ်ထွက်လာစေရေး ဦးတည်သော စေတနာကောင်းများဖြင့် ဆန်းသစ်ထားသော ဇာတ်ကားကောင်းများကြောင့် ရာဇဝတ်မှုများမှ ကင်းဝေးသွားနိုင်ပါသည်။ အနုပညာဖန်တီးမှုအရ ကြည့်၍ကောင်းသော်လည်း လူအများအတွက် အဆိပ်အတောက်ဖြစ်စေသော စရိုက်လက္ခဏာများ မပါဝင်မိစေရန် ဂရုပြုသင့်လှပါသည်။ သမိုင်းရာဇဝင်ဇာတ်ကားများကို ခေတ်နှင့်အညီ ဆန်းသစ်ပြုပြင်လျက် မျိုးချစ်စိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေသော ဇာတ်ကားအမျိုးအစားများကိုလည်း လက်ကမ်းကြိုဆိုရမည်ဖြစ်ပါသည်။

### စံနမူနာကောင်းများ ဖြစ်ရန်လိုအပ်

စည်းကမ်းများ၊ ဥပဒေများဟူသည်လေးစားလိုက်နာရမည့် အရာများဖြစ်သည်ဆိုသည့် အသိတရား၊ လွတ်လပ်မှုနှင့် တရားမျှတမှုကို တန်ဖိုးထားတတ်သည့် အတွေးအခေါ်၊ ပင်ကိုအရည်အချင်းနှင့် ဆန်းသစ်တီထွင်မှုကို အားပေးတတ်မှုစသည့် ဇာတ်လမ်း၊ ဇာတ်ကွက်များ ပါဝင်သည့် ဇာတ်ကားများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပါသည်။ အလွန်အကျွံသရုပ်ဆောင်မှုများနှင့် တုတ်၊ ဓားလက်နက်များဖြင့် အကြမ်းဖက်သတ်ဖြတ်မှုများကို အသားပေးခြင်းသည် အာဃာတများလျှော့ချပြီး လူမှုဆက်ဆံရေးကောင်းများ တည်ဆောက်ရာတွင် စံနမူကောင်းများ မဖြစ်စေပါ။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ခင်စည်းလုံးရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် မတူညီသည့် လူ့အဖွဲ့အစည်းများကို သဟဇာတဖြစ်စေသည့် စိတ်ကူးကောင်းများဖြင့်လည်း နိုင်ငံစည်းလုံးညီညွတ်မှုကို တည်ဆောက်ရာတွင် အထောက်အကူပြုပါဝင်နိုင်ပါသည်။ လူအချင်းချင်းလှည့်ပတ်ခြင်းကို ရှုတ်ချ၍ ရိုးသားဖြောင့်မတ်မှုကို အားပေးသော အမှားအမှန်ကို ကွဲကွဲပြားပြား ဖော်ထုတ်ပြီး အမှန်ကိုအားပေးသည့် စရိုက်များပါဝင်သော သရုပ်ဆောင်မှုများသည် ရုပ်ရှင်ကြည့်ပရိသတ် အတွေးအခေါ်နှင့် ခံယူချက်ကို မြင့်မားစေပါသည်။

### ခေတ်၏ တောင်းဆိုမှုနှင့်အညီ ပြုပြင်ပြောင်းလဲနေရန်

ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ရှင်သန်နေဆဲ မြန်မာ့ရုပ်ရှင်အတွက် ယခုနှစ်သည် ရုပ်ရှင်ရာပြည့်ပွဲတော်နှစ်တစ်ခုဖြစ်သလို အောက်တိုဘာလ ၁၃ ရက်နေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်ခဲ့သည့် ၁၉၂၀ နှစ်ဝန်းကျင်သည် အမျိုးသားရေးလှုပ်ရှားမှုများစတင်ရာ ကာလတစ်ခုဖြစ်ရာ ခေတ်ဦးမြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများသည် အနှစ်သာရအားဖြင့် အဓိပ္ပာယ်လေးနက်မှုရှိကာ အောင်မြင်မှုများလည်းရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ကိုလိုနီအစိုးရလက်အောက်တွင် နိုင်ငံရေးသဘောသက်ဝင်သည့် ဇာတ်ကားများနှင့်အတူ ဒါရိုက်တာများ ၊ သရုပ်ဆောင်များသည် ဆင်ဆာအဖွဲ့၏ စွက်ဖက်စစ်ဆေးမှုကို ခံခဲ့ကြရသည်။ ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်သည် ထင်ရှားကျော်ကြားသော ဇာတ်ကားကောင်းအချို့နှင့်အတူ မှတ်တမ်းကောင်းများစွာကိုလည်း ပိုင်ဆိုင်ခဲ့ဖူးပါသည်။ မြန်မာ့ရုပ်ရှင်ကို ဖလင်ခေတ်မှ ဒစ်ဂျစ်တယ်ခေတ်တစ်ခေတ် ဆန်းချိန် ဆင်ဆာဖြေလျှော့ပေးမှု အရွေ့တစ်ခုတွင် အနုပညာရှင်အချို့၏ အားထုတ်ဖန်တီးမှုများသည် ခေတ်၏တောင်းဆိုမှုနှင့်အတူ ပရိသတ်ကိုဆွဲဆောင်ရန် အရှိန်ယူနေကြပြီဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်သည် အများပြည်သူများအတွက် ဖျော်ဖြေမှုနှင့်အတူ မှန်ကန်သောအသိပညာများရရှိရေး၊ ပြည်သူများအတွက် စိတ်ဓာတ်ကောင်း၊ စရိုက်ကောင်းများဖြစ်တည်နိုင်ရေး၊ နိုင်ငံတကာက အထင်ကြီးလေးစားသော မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ ပိုမိုပေါ်ထွက်ရေး၊ ခေတ်နှင့်အညီ ဆက်လက်ပြုပြင်ပြောင်းလဲနေရမည်ဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလ၌ တိုးတက်နေသော နည်းပညာများကိုအသုံးပြု၍ ဇာတ်ကားကောင်းများကို အပြိုင်အဆိုင် ဖန်တီးတင်ဆက်လာနေစဉ် ပရိသတ်၏ စိတ်ဝင်စားမှု၊ လက်ခံအားပေးမှုကိုအသုံးချ၍ မူလအနုပညာရသ မပျက်စေဘဲ ယနေ့မျက်မှောက်ခေတ်ဖြစ်ပျက်နေသည်များကို ထင်ဟပ်ဖော်ထုတ်နိုင်မည့် အရည်အသွေးမီ ဇာတ်ကားကောင်းများ ပိုမိုပေါ်ထွက်လာရေးအတွက် စေတနာကောင်းဖြင့်ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၁ စုသို့ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိ

**ကန့်ကြီးထောင့် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ပူးပေါင်း၍ ကန့်ကြီးထောင့်မြို့နယ်အတွင်းမှ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအုပ်စု ၃၁ အုပ်စုသို့ စွမ်းအားမြင့်မီးဖိုများ ဖေဖော်ဝါရီလမှစတင်ကာ ကွင်းဆင်းဖြန့်ဖြူးပေးလျက်ရှိသည်။

ကျေးရွာများတွင် ထင်းသုံးစွဲမှုလျှော့ချရေး၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးနှင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ရေး ရည်ရွယ်လျက် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ပထမအကြိမ်ဖြန့်ဖြူးမှုအဖြစ် ကျေးရွာအုပ်စု ၃၁ စုမှ အိမ်ထောင်စုပေါင်း ၁၃၅၀၀ အတွက် စွမ်းအားမြင့်မီးဖိုအလုံးရေ ၁၃၅၀၀ ကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်မိုးနှင့် ဝန်ထမ်းများက ပြည်သူများထံ လက်ဝယ်အရောက် ကွင်းဆင်းဖြန့်ဖြူးပေးလျက်ရှိသည်။ မီးဖိုသုံးစွဲပုံများနှင့် အကျိုးကျေးဇူးများကိုလည်း အသိပညာပေး ရှင်းလင်းပြောကြားပေးလျက်ရှိသည်။ ပထမအကြိမ်ဖြန့်ဖြူးပြီးပါက ဒုတိယအကြိမ်တွင် ကျေးရွာအုပ်စု ၃၃ အုပ်စုမှ အိမ်ထောင်စုပေါင်း ၁၃၅၀၀ ကိုလည်း စွမ်းအားမြင့်မီးဖိုများ အခမဲ့ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**နန်းထိုက်**



မီးဖိုများကို ယူဆောင်လာသော ဒေသခံပြည်သူများ

## စက်မှုလယ်ယာဦးစီးဌာန
## တင်ဒါဖွင့်လှစ်မည့်ရက် ရွှေ့ဆိုင်းကြောင်းကြော်ငြာခြင်း

စက်မှုလယ်ယာဦးစီးဌာန၊ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(က)၊ကျိုက္ကလို့-ရန်ကုန်မြို့ရှိ ပစ္စည်းအဟောင်းအပျက်များအား အမှတ်(၁)အလတ်စားစက်ပြင်အလုပ်ရုံ၊ပျဉ်းမနားမြို့၌(၂၃-၃-၂၀၂၀)ရက် မွန်းလွဲ ၁:၀၀နာရီတွင် LOT(၃)ခုဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းကြော်ငြာထားခြင်းကို COVID-19 ရောဂါကူးစက်မှုကြိုတင်ကာကွယ်သည့်အနေဖြင့် တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပမည့်ရက်အား ရွှေ့ဆိုင်းလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

ပြန်လည်ကျင်းပမည့်ရက်၊အချိန်အား ထပ်မံကြော်ငြာသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မော်တော်ယာဉ်ဝင်းရှိ အောက်ဖော်ပြပါ အဆောက်အအုံ(၄)လုံးနှင့်ဆက်စပ်မြေကွက်လွတ်တို့အား တစ်နှစ်သက်တမ်း စာချုပ်ချုပ်ဆို၍ အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ပါသည်-

(က) (၂)ထပ်ရုံး(၁)ရုံး(၄၅'X၁၄')၊ ယာဉ်ရပ်နားရုံ(၁)ရုံ(၇၇'X၇၂')၊ စက်ပစ္စည်းသိုရုံ (၁)ရုံ(၆၁'X၃၁')၊ ယာဉ်ပြင်အလုပ်ရုံ (၁)ရုံ(၇၁'X၈၇')နှင့် မြေကွက်လွတ် ဧရိယာ(၆၅၇)စတုရန်းမီတာ
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၂၀-၃-၂၀၂၀ရက်မှ ၂၀-၄-၂၀၂၀ ရက်ထိ နံနက်(၉:၃၀)နာရီမှ (၁၆:၃၀)နာရီထိ
(ဂ) **တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း** - ၂၃-၄-၂၀၂၀ရက်(၁၁:၃၀)နာရီ
(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၄-၂၀၂၀ရက်မွန်းလွဲ ၁၃:၀၀နာရီ
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
(စ) **Depositပေးသွင်းနိုင်သည့်ဘဏ်** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်။

၂။ အဆိုပါ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မော်တော်ယာဉ်ဝင်းရှိ အဆောက်အအုံ(၄)လုံးနှင့် ဆက်စပ်မြေကွက်လွတ်တို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ် ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)အမှတ်စဉ်(၁၇) သင်တန်း
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)အမှတ်စဉ်(၁၇) သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။
၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ၂၅-၃-၂၀၂၀ ရက်မှစ၍ ရယူနိုင်ပါသည်။
၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့(MPA)သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၁၀-၅-၂၀၂၀ ရက်နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်တင်သွင်းရပါမည်။
၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့(MPA)သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၇-၅-၂၀၂၀ ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ကျင်းပပါမည်။
၇။ ဝင်ခွင့်ဖြေဆိုရန် သင်တန်းကာလအတွင်း နေထိုင်ရေးစီစဉ်ပေးမည်ဖြစ်ပါသည်။
၈။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း တက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် တနင်္လာနေ့မှ ကြာသပတေးနေ့ထိ ဖြစ်ပါသည်။
၉။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း တက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် (စနေနေ့နှင့် တနင်္ဂနွေနေ့) ဖြစ်ပါသည်။
၁၀။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ပါမောက္ခချုပ်ရုံးခန်း၊ဖုန်း-၀၆၄-၃၉၂၈၅၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၇၈၉၀၁၁၆၆၆၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ဂ) မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၄၄၄၀၃၃၈၅၅၊ ၀၉-၄၄၀၈၉၄၅၁၄

**(အေးဇော်)**
**ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## လက်ထောက်ညွှန်ကြားရေးမှူးရုံး
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့မှပြည်ထောင်စု(ငွေလုံးငွေရင်း/သာမန်)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်း (၆"-၉"ကျောက်၊ ချိပင်၊ သဲ၊ အုတ်၊ Angle Iron ၊ H.S.D)များကိုအရောက်ပို့စနစ်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၇၃လမ်းနှင့်သဇင်လမ်းထောင့်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ ရယူနိုင်သည့်ရက်** - ၁၉-၃-၂၀၂၀ရက်မှ ၂၁-၄-၂၀၂၀ရက်အထိ
(ခ) **တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်၊ အချိန်** - ၂၁-၄-၂၀၂၀ရက်(၁၆:၃၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၃-၄-၂၀၂၀ရက်(၁၀:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ၂၆(ဘီ)လမ်းနှင့်လမ်း ၇၀ထောင့်၊ ဆည်မြောင်းညှိရိပ်သာဝင်း

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါ ဖုန်း-၀၂-၂၈၄၈၆၅၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊အောင်မေတ္တာ(ခ)ရပ်ကွက်၊ကွင်း/အကွက်အမှတ်(၁၆၅၅၊အုတ်ဖို)၊ ဦးပိုင်အမှတ်(B/၃၃၄)၊ဧရိယာ ၀ ဒသမ ၀၉၇ ဧကအား အမှုတွဲအမှတ်(၃၉၆/ ၁၉၉၇-၉၈)ဖြင့် နှစ်(၃၀)ဂရန်အား ဦးမျိုးတင့်အမည်ဖြင့် ချထားပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် (၁-က)စာရင်းရေးသွင်းမှုမရှိသေးသဖြင့် (၁-က)စာရင်း ပြန်လည်ရေးသွင်းပေးရန် မြေဂရန်မိတ္တူနှင့်အတူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်မည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ပညာသင်နှစ် မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းသို့ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)အမှတ်စဉ်(၆)သင်တန်း**

၂။ အဆိုပါမဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင်အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်းအချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏အချိန်ပြည့်သင်တန်းတက်ရောက်ရန်ခွင့်ပြုချက်တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့်နှုတ်ဖြေစာမေးပွဲဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ်လက်ခံပါမည်။
၄။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို မန္တလေးတက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင် ၂၅-၃-၂၀၂၀ရက်မှစ၍ ရယူနိုင်ပါသည်။
၅။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၁၀-၅-၂၀၂၀ရက်နောက်ဆုံးထား၍ မန္တလေးတက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင် လာရောက်တင်သွင်းရပါမည်။
၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၁၇-၅-၂၀၂၀ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ကျင်းပပါမည်။
၇။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်းတက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ်(စနေ၊ တနင်္ဂနွေ)ဖြစ်ပါသည်။
၈။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၇၈၉၀၁၁၆၆၆၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊ စီးပွားရေးပညာဌာန၊ ဖုန်း-၀၉-၄၂၂၂၃၄၈၈၄၊
(ဂ) မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၄၄၄၀၃၃၈၅၅၊ ၀၉-၄၄၀၈၉၄၅၁၄

**(အေးဇော်)**
**ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားကြီးတွင် တည်ဆောက်မည့် နှစ်ကျိပ်ရှစ်ဆူဘုရားမှ ကိုးခန်းကြီးဘုရားအထိ (၄)စင်းပါ ခေတ်လှေကား(၁)ခုတည်ဆောက်ရေးလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်းရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၀၇၃၂၉၈၊၀၉-၄၀၁၅၄၂၀၂၄၊၀၉-၂၆၀၈၆၇၈၄၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၀-၃-၂၀၂၀ရက်(သောကြာနေ့)
(ခ) **တင်ဒါလျှောက်လွှာ ရောင်းချခြင်းပိတ်မည့်ရက်** - ၁၉-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၄-၄-၂၀၂၀ရက်(သောကြာနေ့)
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ရုံးနှင့်မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အမှတ်(၁)ရပ်ကွက်၊မင်းဘူးမြို့

**တင်ဒါကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများအား ဌာနအရောက်တန်ဖိုး (D.D.P) (နေပြည်တော်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Total Station (Survey Grade) | (3)Sets |
| (ခ) | Arc GIS Workstation | (30)Sets |
| (ဂ) | Collimator Set Up | (2)Sets |
| (ဃ) | Dell Storage Server(500 TB) | (1)Sets |

၂။ `အိတ်ဖွင့်တင်ဒါများအား ၂၇-၄-၂၀၂၀ ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ(၉)လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်(မြေမပါ)ထုခွဲရောင်းချမည်ဖြစ်ပါသည်။

Lot(1) (က) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်ရုံလမ်းရှိမြ-၁၀၊ မြ-၉၊ မြ-၁၃၊ မြ-၁၄ သိုလှောင်ရုံ(၄)လုံး
Lot(2) (ခ) ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဇောဓိကုန်းမှ မြ-၂ သိုလှောင်ရုံ(၁)လုံး ။
Lot(3) (ဂ) ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဇောဓိကုန်းမှ မြ-၃ သိုလှောင်ရုံ(၁)လုံး။
Lot(4) (ဃ) ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဇောဓိကုန်းမှ မြ-၆ သိုလှောင်ရုံ(၁)လုံး။
Lot(5) (င) ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်မှ ညပ-၄၀ သိုလှောင်ရုံ(၁)လုံး။
Lot(6) (စ) မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ သဲတောတောင်ရွာအနောက်မှ မြ-၂ သိုလှောင်ရုံ(၁)လုံး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၂၀-၃-၂၀၂၀ရက်မှ ၂၀-၄-၂၀၂၀ရက်ထိ ၉:၃၀နာရီမှ ၁၆:၃၀နာရီထိ
၃။ **တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း** - ၂၃-၄-၂၀၂၀ရက် ၁၁:၃၀နာရီ ရုံးအမှတ်(၅၂)၊ နေပြည်တော်
၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့၊ ပဲခူးမြို့၊ မန္တလေးမြို့
၅။ **Deposit ပေးသွင်းနိုင်သည့်ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
၆။ **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
၇။ **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
၈။ **တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၃-၄-၂၀၂၀ရက် ၁၃:၀၀နာရီ
၉။ အဆိုပါ သိုလှောင်ရုံ(၉)လုံးတို့၏မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၅၂-၂၂၂၁၁၀၈၊ ၀၂-၄၀၃၆၃၃၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်ရတနာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(ရန်ပယ်)၊ ဦးပိုင်အမှတ်(၁၂၁)၊ဧရိယာ ၀ ဒသမ ၀၆၀ ဧကအား အမှုတွဲအမှတ်(၆၉၅/၁၉၉၇-၉၈) အရ ဦးအောင်ကျော်ဦး အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိခဲ့ပြီး အမှုတွဲအမှတ် (၃၂၆/၂၀၀၁-၂၀၀၂)အရ ၁၇-၂-၂၀၀၂ ရက်တွင် မူလဂရန်သက်တမ်းအတိုင်း ဦးအောင်ကျော်ဦးအမည်မှ ဦးဝင်းထွန်းအမည်သို့လည်းကောင်း၊ အောင်ရတနာရပ်ကွက်၊ကွင်း/အကွက်အမှတ် နှင့်အမည် (၂၆၁၃/ဆုံကုန်းရိုး)၊ဦးပိုင်အမှတ်(၂၅၈/၂၅၉)၊ဧရိယာ ၀ ဒသမ ၁၂၀ ဧကအား အမှုတွဲအမှတ်(၇၁၁/၁၉၉၈-၉၉)အရ ဦးရဲထွန်းအမည်ဖြင့် ၃၀-၃-၁၉၉၉ မှ ၃၀-၃-၂၀၂၉ ထိ နှစ်(၃၀)ဂရန်ကိုလည်းကောင်း၊ မြေငှားဂရန်ရှိပြီးသော်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင်(၁-က)စာရင်းရေးသွင်းမှုမရှိသေးသဖြင့် (၁-က)စာရင်း ပြန်လည်ရေးသွင်းပေးရန် မြေဂရန်မိတ္တူနှင့်အတူ လျှောက်ထားလာကြသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အမည်ပြောင်း

အလက(၁)၊ ရွှေပြည်သာ စတုတ္ထတန်း၌ ပညာသင်ကြားနေသော (ဘ) ဦးကြည်ဆန်း၏သား မောင်ဟီတိုးအား မောင်အိတိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5A/1645 Mitsubishi Fuso FP 418 N Truck (4x4)R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၈/မမန(နိုင်)၁၂၅၄၄၅ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၀၉၄၃ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇဝန္တ ၅/ဆလက(သ)၀၀၀၁၇၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ဖခင်အမည်မှန်

တမူးမြို့၊ ပညာ့အလင်းတံခါး ကိုယ်ပိုင်အထက်တန်းကျောင်း နဝမ တန်း(ဖြေဆိုဆဲ)မှ မပန်းရင်၏ ဖခင်အမည်မှန်မှာ ဦးနေလင်းအောင် ၅/တမန(နိုင်)၀၆၆၃၁၆ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကီရန်း ၁/ဝမန(နိုင်)၀၉၅၁၀၇၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၆၈၂၁၄၄**

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခေါင်စိုင်း ၁/မကန(နိုင်)၁၅၀၇၉၃ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၀၆၁၉၆၇**

### ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိထွန်း ၉/မကန(နိုင်)၁၀၃၉၆၁ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၀၇၆၆၅၁**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6841 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9J/6841 Toyota Hilux Revo Gun 126 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမြင့် ၁၃/တကန(နိုင်)၁၄၁၂၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါ သည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ဃ/၇၉၃၂၃ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆေးအန်း ၁၃/တကန(နိုင်)၀၉၃၃၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## Notice of Request for Proposals

**Works and Operation Service**

**(Extraction of Sand in Thanlwin River)**

**Employer: Directorate of Water Resources and Improvement of River Systems (DWIR)**
**Project: Sand Extraction Project in Thanlwin River**
**Contract title: DWIR-CW01: Extraction of Sand in Thanlwin River**
**Country: The Republic of the Union of Myanmar**
**Issued on: 19 March, 2020**

**1.** The Directorate of Water Resources and Improvement of River Systems (DWIR) of the Ministry of Transport and Communications, acting on behalf of the Government of the Republic of the Union of Myanmar intends to select an eligible and qualified Proposer for award of a three (3) year sand extraction license beginning May 2020 to extract sand in the Thanlwin River between Hpa-An and Mawlamyine stretch. The objective of this assignment is to improve the river channel by dredging or extracting sand in the river to mitigate annual flooding.

**2.** The DWIR now invites sealed Proposals from interested eligible Proposers for the extraction of sand in Thanlwin River at three (3) places in upstream of Hpa-An and one (1) place downstream of Hpa-An. Further details about location and sounding chart including alignment and estimated cubic meter for the sand extraction in river channel can be obtained from the address below. Interested Proposers are required to have following specific experience and capabilities:

a) Financial Capabilities: The Proposer must demonstrate access to, or availability of, financial resources such as liquid assets, unencumbered real assets, lines of credit, and other financial means, to meet dredging cash flow requirements estimated as USD 1 Million, net of the Proposer's other commitments.

b) Sand Extraction Experience: Between 1st January 2015 and proposal submission deadline (ie 5 years), as a prime sand extraction contractor, joint venture member, management contractor or sub-contractor, completion of a minimum number of One (1) similar contract or aggregation of contracts or sale of extracted sand in any year of minimum value USD 3 Million.

c) Plant and Machinery

The Proposer must demonstrate ownership or access to the following list of equipment:

i) CSD Backhoe Dredger,
ii) Trailing Suction Hopper Dredger (Shallow Draught)
iii) Grab Dredger
iv) Water Injection Dredger

Further details are given in the Request for Proposal Documents.

It is expected that the Request for Proposals documents will be available on 25 March 2020 and the most qualified Proposer will be selected beginning May 2020.

**3.** The procurement will be conducted through national competitive procurement using this Request for Proposals (RFP) and Government of the Republic of the Union of Myanmar procurement regulations.

**4.** Interested eligible Proposers may obtain further information from the address below and inspect the RFP Document during office hours 9:00 AM to 5:00 PM at the address given below.

**5.** The RFP Document in English shall be obtained from the office of DWIR by interested eligible Proposers upon the submission of a written application to the address below.

**6.** A single-stage, two envelope RFP process will be used, and the Proposal will consist of (i) the Technical Part, without any reference to prices; and (ii) the Finnacial Part, as detailed in the RFP Document. The Technical and Financial Parts of the proposals shall be submitted simultaneously in two separate sealed envelopes.

**7.** The Proposal, both the Technical Part and the Financial Part, must be delivered to the address below on or before **2:00 pm local time on 10th April 2020**. Electronic Procurement will *not* be permitted. Late Proposals will be rejected. The Technical Part of the Proposals will be publicly opened in the presence of the Proposers' designated representatives and anyone who chooses to attend at the address below **2:00 pm local time on 10th April 2020.** The Financial Part shall remain unopened and will be held in safe custody of the Employer until the second public opening of the Financial Part, following the evaluation of the Technical Part of the Proposals.

**8.** All Proposals must be accompanied by a ***Proposal-Securing Declaration***

The address (es) referred to above is (are): Agency: DWIR
Name: Mr. Maung Maung Naing, Director, Waterways Conservation Department,
Address: No.400., Lower Pazundaung Road, Pazundaung, Yangon
E mail: ygnyaana4@gmail.com
Telephone: +95-(0)1-292961, Fax: +95-(0)1-290230, Postal code 11171, Website: www.dwir.gov.mm

## တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသင်္ကြန်(၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ်ကိုယ်တိုင် ဦးစီး၍ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သော မဟာသင်္ကြန်(၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းကို တပည့်အပေါင်းမှလည်း ဆရာတော်ကြီး၏သြဝါဒနှင့်အညီ ယခုနှစ်တွင် ၁၃၈၁ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်(၁၀-၄-၂၀၂၀)မှ ၁၃၈၂ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်(၁၉-၄-၂၀၂၀)အထိ ဟောကြားပြသပေးမည်ဖြစ်၍ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသောပုဂ္ဂိုလ်များသည် ၉-၄-၂၀၂၀ ရက် ညနေ ၃:၀၀နာရီအရောက်လာ၍ အဓိဋ္ဌာန်တရားစခန်းဝင်လိုသူယောဂီများသည် ညနေ ၅:၀၀ နာရီအရောက် လာရောက်ကြရန်နှင့် လစဉ်ပုံမှန် ကဆုန်လတရားစခန်းကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဝေယျာဝစ္စအဖွဲ့**
**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်**
**တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
ဖုန်း- ၀၉-၂၅၀၃၆၅၁၁၅၊ ၀၁-၆၃၇၂၈၁

## မော်လမြိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ယာယီရွှေ့ဆိုင်းခြင်း

မော်လမြိုင်အသင်း(ရန်ကုန်)၏ ၅-၄-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် (၁၀၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယာယီရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာပေးပါမည့်အကြောင်း အသိပေးအပ်ပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**

## သဒ္ဓမ္မပါလဓနေဖြူကျောင်းတိုက်

တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ ဇင်ယော်လမ်းရှိ သဒ္ဓမ္မပါလဓနေဖြူကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာသင်္ကြန် ဝိပဿနာ (၇) ရက် တရားစခန်းကို နိုင်ငံတကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှု (COVID-19) အခြေအနေအရ တရားစခန်းဖွင့်မည့် အစီအစဉ်အား ရပ်နားလိုက်ပါသည်။

တရားစခန်းဝင်မည့် ဓမ္မမိတ်ဆွေ ယောဂီများနှင့် အရက်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းကြသော ဆွမ်းအလှူရှင် ဒါယကာ/ဒါယိကာမ အပေါင်းတို့အား သိရှိနိုင်ရန် ကြိုတင် အသိပေးအပ်ပါသည်

**အကျိုးဆောင်အဖွဲ့**
**09-5146822**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ် ၁၇၉ နေ ဦးမျိုးလှိုင်ဦးနှင့် ဒေါ်ယဉ်ယဉ်သူတို့၏သမီး မထက်ကြယ်စင်လင်းလဲ့အား မထက်ရတနာလင်းဟု ပြောင်းလဲခေါ်ဆိုရန်နှင့် မွန်းလဲ့ရတီအား မလင်းလက်ရတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1664 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဒလ-ပျော်ဘွယ်ကြီး၊ ရာပြည့်ပူဇော်ပွဲ

ဆရာကြီးဦးသန်း (၂၅)နှစ်တိုင် တရားဘာဝနာများ ကျင့်ကြံပွားများအားထုတ်ခဲ့ပြီး (လယ်တီဆရာတော်ကြီး၏တပည့်၊ အနာဂါမ်ဆရာသက်ကြီးဝိပဿနာ)တရားစခန်းများ ပေါ်ထွက်စေရန်၊ အကြောင်းရင်းခံ၊ ဘူမိနက်သန်ဖြစ်သည့် ဒလမြို့နယ်၊ သမတကမ်းခြေဘုန်းတော်ကြီးကျောင်းတွင် (ဆရာကြီးဦးသန်း (၇-၄-၁၉၂၀))ရက်အား ရည်စူးပူဇော် ရာပြည့်အထိမ်းအမှတ်ပွဲတော်ကို ၇-၄-၂၀၂၀ ရက် နံနက်(၈:၀၀)နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်/ယောဂီအပေါင်းသူတော်ကောင်းတို့-

**(ဆရာတော်နှင့်အကျိုးဆောင်များ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/1238 SHWE MYANMAR L/T(1)TON P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းအောင် ၁၂/ဗဟန(နိုင်)၀၇၇၃၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5555 Nissan Skyline GTR R35 Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထက်ထူးနိုင် ၁၂/လမန(နိုင်)၁၄၄၀၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့ | ရပ်/ကျေး | အကွက် အမှတ် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးခင်မောင်မြင့် | ပုသိမ် | အမှတ်(၁၅) | ၁၆၃-B | ၄၂/၂၃ | ၀.၀၄၆ | မြေပေးမိန့် |
| ၂ | ဦးရန်နိုင်စိုး | ပုသိမ် | အမှတ်(၁) | ၅၀ | ၁၁၈ | ၀.၀၅၅ | မြေပေးမိန့် |
| ၃ | ဦးတင်နု | ပုသိမ် | အမှတ်(၁၃) | ၁၆၃-C | D-၅၂၊ ၅၃ | ၀.၁၆၆ | မြေပေးမိန့် |
| ၄ | ဦးပိုင်သူ | ပုသိမ် | အမှတ်(၁၃) | ၁၆၃-C | D-၈၅ | ၀.၀၅၅ | မြေပေးမိန့် |
| ၅ | ဦးဖြိုးကျော်စိုး | ပုသိမ် | အမှတ်(၁၃) | ၅၂ | F-၅၀ | ၀.၀၄၂ | မြေပေးမိန့် |
| ၆ | ဒေါ်စိမ်းသီတာမိုး | ပုသိမ် | အမှတ်(၁၃) | ၅၂ | F-၅၀ | ၀.၀၄၁ | မြေပေးမိန့် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးထွန်းထွန်းဦး ၅/မရန(နိုင်)၀၅၀၃၉၁ သည် မွေးမွေး၊ ဝမ်းနိုင်း မြေပဲဆားလှော်ကို ထုတ်လုပ်ရောင်းချမည်ဖြစ်၍ ကန့်ကွက်မည့်သူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၁၃၀၄၄၅**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကုန်သည်လမ်း၊ ကုန်သည်တာဝါ၊ အမှတ်(၅၀၄/၅၀၆)၊ တိုက်(A)ရှိ ပဉ္စမထပ်(၆-လွှာ)၊ အခန်းအမှတ်(၅၀၂)၊ အကျယ်အဝန်း(၃၀'x၆၀')၊ ဧရိယာ ၁၈၀၀ စတုရန်းပေခန့်ရှိ ကွန်ဒိုတိုက်ခန်း၊ တိုက်၏ မျက်နှာချင်းဆိုင်မှကြည့်လျှင် (ညာ)ခြမ်း၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်ရွှေ ၁၂/တမန(နိုင်)၀၀၀၄၆၄ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးမိုဟာမက်ဟာဆန် ၁၂/ကတတ(နိုင်)၀၂၆၉၇၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိုမာ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ် (13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈

## အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်နေ ဦးကျော်သူအောင် ၅/ကဘလ(နိုင်)၁၄၂၅၅၈ သည် ကေတူး၊ ခန့်ခန့်လေး ဖိနပ်ကို ထုတ်လုပ်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၉၆၉၃၀၇၉၈၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၄၃၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထား သည့် အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/ မြို့ | ရပ်ကွက်/ ကျေးရွာ | အကွက် အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | |
| ၁။ | ဒေါ်သက်စုစုထွေး | ပုသိမ်မြို့ | အမှတ်(၁၃)ရပ်ကွက် | ၅၂၊ စက်မှုဇုန် | L-၅၂ | ၀ဒသမ၀၅၅ | အမည်ပြောင်း |

အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

C B BANK

လေးစားအပ်ပါသော CB Bank ၏မိတ်ဟောင်း၊မိတ်သစ် Customer များအတွက် CB Bank ၏ (၂၃၄)ခုမြောက် ဘဏ်ခွဲဖြစ်သော ရွှေပေါက်ကံဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ရွှေပေါက်ကံဘဏ်ခွဲ**

အမှတ်(၃၄၀)၊ ပုဂံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊
ရွှေပေါက်ကံမြို့၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

Tel : (95-1) 696183
Fax : (95-1) 696184, 696185, 696186
Email : shwepaukkanbr@cbbank.com.mm
Contact Center : (95-1) 2317770




## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/6918 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၀၄၃၄ ZHINENG 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၉/မရမ(နိုင်)၀၆၇၅၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)တိုးချဲ့၊ မြေကွက်အမှတ် ၁၃၆၊ မြေကွက်တည်နေရာအမှတ် ၁၃၆၊ ခွာညို ၃လမ်း (၄)တိုးချဲ့ ဦးထွန်းကြည် J/RGN,၀၄၉၀၀၇ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးထွန်းကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်တင်တင်ထွေးထံမှ တစ်ဆင့် အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဒေါ်အေးနွဲ့ ၉/ညဥန(နိုင်)၀၈၁၂၄၇ မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် ၁၀/၅၄၇/၁၉ တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးပါမည်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လက်ဝဲသုန္ဒရလမ်း၊ မြေကွက်အမှတ်(၃၆၇)၊ အလျား(၄၀)ပေ၊ အနံ (၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်(၂)လုံး၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမြင့် ၁၂/အစန(နိုင်)၀၈၀၀၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်သန်းအေး B.A(Law); LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၈၉)**
**SHWE THIT SAR COMPANY LIMITED**
**အမှတ် ၁၁၀၇(၁၁)လွှာ၊ Tower(B), Space Condo၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြဝတီရပ်ကွက်၊ သီတာလမ်းသွယ်(၄)နေ ဦးစိုင်းထွန်းလှိုင် ၁၃/မဆတ(နိုင်)၀၄၆၄၀၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

